မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၁၃၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်၏ အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မြို့တစ်မြို့တည်ဆောက်ရာတွင် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံ တည်ဆောက်ရေးလုပ်ငန်းများသည် အရေးကြီး

သတင်းစာမျက်နှာ ➤ ၃

ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးတို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကသာ-ဗန်းမော် မီးရထားလမ်းပိုင်းမှ ကသာ-ကျောက်ကြီး မီးရထားလမ်းပိုင်းဖွင့်

ကသာ ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာ-ဗန်းမော် မီးရထားလမ်းပိုင်းမှ ကသာ-ကျောက်ကြီး မီးရထားလမ်းပိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ကသာမြို့နယ် မိုးတားကြီးဘူတာစကြံအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်နှင့် အဖွဲ့ဝင်များ၊ ကသာခရိုင်နှင့် ကသာမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကသာ-ဗန်းမော် မီးရထားလမ်းပိုင်းသည် ၉၄ ဒသမ ၈၈ မိုင်ရှည်လျားပြီး ယခုအခါ ကသာ-ကျောက်ကြီးလမ်းပိုင်း ဖွင့်လှစ်နိုင်ခဲ့သဖြင့် *စာမျက်နှာ ၈ ကော်လံ ၄* ●

ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်

မစ္စစ် ဒါနီလာရှက်

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်၏ ကိုယ်ရေးအကျဉ်း

မစ္စတာ ဂျိုဝါချင်ဂေါက်ခ်ကို ၁၉၄၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံ မက်ကလန်ဖို့ဖောပိုမန်ပြည်နယ်ရှိ ရော့စတော့မြို့၌ မွေးဖွားခဲ့သည်။ အဆင့်မြင့်ပညာဝင်ခွင့်စာမေးပွဲ (Abitur) အောင်မြင်ပြီးနောက် ခရစ်ယာန်ဘာသာကို လေ့လာခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ မက်ကလန်ဘတ်ရှိ ဧဝံဂလိလူသာရင်ဘုရားကျောင်းတွင် သင်းအုပ်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဂျိုဝါချင်ဂေါက်ခ်သည် ငယ်ရွယ်စဉ်ကပင် အရှေ့ဂျာမနီအတိုက်အခံအဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သူသည်နယူးဖိုရမ်တည်ထောင်သူတစ်ဦးဖြစ်ခဲ့ပြီး ရော့စတော့တွင် ၎င်းအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ဖြစ်ခဲ့သည်။ သူသည် အရှေ့ဂျာမနီတွင် ကွန်မြူနစ်အုပ်ချုပ်မှုစနစ်အား ဆန့်ကျင်သည့် ဘုရားကျောင်းနှင့် လူထုလှုပ်ရှားမှုများကို စတင်ဦးဆောင်သူများတွင် ပါဝင်သည်။ ငြိမ်းချမ်းရေးအတွက် အပတ်စဉ်ဆုတောင်းပွဲများကို ဦးဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ဘာလင်တံတိုင်းပြိုကျစေခဲ့သည့် ဆန္ဒပြမှုများဖြစ်ပွားစေခဲ့သည်။

၁၉၉၀ ပြည့်နှစ် မတ်လတွင် ဂျိုဝါချင်ဂေါက်ခ်သည် လူထုလူတန်းစားပေါင်းစုံပါဝင်သော လှုပ်ရှားမှုအဖွဲ့ (မဟာမိတ်-၉၀)၏ အဖွဲ့ဝင်အဖြစ် ပထမအကြိမ် လွတ်လပ်စွာကျင်းပပြုလုပ်သည့် အရှေ့ဂျာမနီလွှတ်တော်ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရသည်။ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန ဖျက်သိမ်းခြင်းကိုကြီးကြပ်သည့်အထူးကော်မတီဥက္ကဋ္ဌအဖြစ်လည်း ရွေးချယ်ခံခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံမှုဖြင့်သမ္မတမှ ခန့်အပ်သည့်နိုင်ငံတော်လုံခြုံရေးဌာန၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ စာတွဲများအတွက် အထူးကော်မရှင်နာအဖြစ်ခန့်အပ်ခံရသည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အရှေ့ဂျာမနီနိုင်ငံတော်လုံခြုံရေးဌာန၏ *စာမျက်နှာ ၇ ကော်လံ ၁* ✻

■ ပြည်တွင်း

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည့်ရက် ပြောင်းလဲသတ်မှတ်

သတင်းစာမျက်နှာ ➤ ၃

■ နိုင်ငံတကာ

ဂျပန်မြို့တော်၌ ဆီးနှင်းများထူထပ်စွာကျဆင်း နေအိမ်အပြင်မထွက်ရန် သတိပေးချက်ထုတ်ပြန်

သတင်းစာမျက်နှာ ➤ ၄

■ နိုင်ငံတကာအားကစား

ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲတွေ လာပြီ

သတင်းစာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တောမီးရှို့ခြင်း၏ အကျိုးအပြစ်

ဆောင်းအကုန် နွေအကူး လေရူးနှောက်၍ နွေဦးပေါက်ပြီ ဆိုလျှင် တောနှင့် တောင်တန်းတို့တွင် မြင်တွေ့ရသော မြင်ကွင်း တစ်ခုမှာ တောမီးရှို့ခြင်းပင်ဖြစ်သည်။ တောမီးရှို့ခြင်း၏ အကြောင်း သည်ကား ထင်းနှင့်မီးသွေးရလိုခြင်း၏ အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်သည်။ မိုးမကျမီ စိုက်ပျိုးရေးအတွက် ကြိုတင်ပြင်ဆင်မှု တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် တောင်တန်းဒေသများပေါ်တွင် တောမီးရှို့လေ့ရှိသည်။ တောမီးလောင်ပြီးနေရာတို့တွင် မိုးအခါ၌ စိုက်ပျိုးရေးလုပ်ကိုင်ကြလေ့ရှိသည်။ ဤသို့ဖြင့် တောင်ယာ လုပ်ခြင်းအလုပ်ကျယ်ပြန့်လာပြီး တောင်များ တောင်ကတုံးများ အဖြစ်သို့ ရောက်ကြရလေသည်။

ဤသို့သော တောင်များ တောမီးရှို့ခြင်းနှင့် စပ်လျဉ်း၍ အနည်းဆုံး အခြေခံပျက်စီးခြင်းအကြောင်းတရား သုံးခုလောက် စဉ်းစားကြည့်စေလိုပါသည်။ တောမီးရှို့ခြင်းကြောင့် သစ်တောများ ပြုန်းတီးပြီး ရာသီဥတုဖောက်ပြန်၍ မိုးခေါင်ရေကြီးမှုများ ကြုံရ လေ့ရှိသည်။ ဇီဝမျိုးကွဲမျိုးစိတ်များပျက်စီးပြီး မျိုးသုဉ်းပျောက်ကွယ် သွားနိုင်သည်။ ကျွန်းနှင့် သစ်မာပေါက်ရောက်သောဒေသတွင် ကြိမ်ဖန်များစွာမီးရှို့ခြင်းဖြင့် ကျွန်းနှင့်သစ်မာများ မပေါက်နိုင်တော့ဘဲ မျိုးသုဉ်းရလေသည်။ ဝါးပင်ပေါက်ရောက်သောနေရာကို နှစ်စဉ်မီးတင်ရှို့ခြင်းဖြင့် ဝါးမျိုးစိတ်များ ဆုံးရှုံးရလေသည်။

တစ်ဖန် ထိုသစ်ဝါးနှင့် အပင်တို့ကို အမှီသဟဲပြုနေသော သတ္တဝါများ၊ ကျေးငှက်သာရကာများသည်လည်း အခြားတစ်ပါး သို့ ပြောင်းရွှေ့သွား၍သော်လည်းကောင်း၊ သေကျေပျက်စီးခြင်း ကြောင့်သော်လည်းကောင်း မျိုးသုဉ်းပျောက်ကွယ်သွားကြရသည်။ ဤသည်မှာ အပင်နှင့်သတ္တဝါများ ပျက်သုဉ်းရခြင်း၏ ပထမ အချက်ပင်ဖြစ်သည်။

စီးပွားရေး ရှုထောင့်ကကြည့်လျှင်လည်း တောတောင်များ ပြုန်းတီးလာခြင်းကြောင့် မိုးခေါင်ရေရှားဖြစ်ပွားကာ စိုက်ပျိုး ရေးမှာ ကောင်းစွာဖြစ်ထွန်းနိုင်တော့မည်မဟုတ်ပေ။ စိုက်ပျိုးရေး မကောင်းလျှင် စီးပွားရေးလည်း မကောင်းနိုင်တော့ပါ။ ဒေသနေ ပြည်သူများ၏ လူမှုစီးပွားလည်း လွန်စွာဆင်းရဲခြင်းသို့ ရောက် တတ်ပါသည်။

တစ်ဖန် ဘာသာရေး ရှုထောင့်မှကြည့်လျှင်လည်း တောမီးရှို့ လိုက်ခြင်းကြောင့် တောတောင်သစ်ပင်နှင့် မြေပြင်တို့ကို အမှီ သဟဲပြုနေသော ပုပုရွရွသတ္တဝါလေးများ မီးလောင်တိုက်တွင်း သက်ဆင်းရကာ အသက်ဆုံးရှုံးရလေသည်။ တစ်ရံရောအခါက မိဖုရားတစ်ပါးနှင့် ခြွေရံများ မြစ်ဆိပ်တစ်ခုသို့ ရေချိုးပြီး အချမ်း လွန်၍ ပစ္စေကဗုဒ္ဓါ စျာန်ဝင်စားနေသော တောအုပ်ကိုမီးရှို့၍ မီးလှုံ ခဲ့သဖြင့် ဘဝပေါင်းများစွာ မီးဘေးအန္တရာယ်နှင့် ကြုံတွေ့ရ လေသည်။ တောမီးရှို့ခြင်းကြောင့် ဘာသာရေးရှုထောင့်က သုံးသပ် ကြည့်လျှင်လည်း မကောင်းပါ။ ဘဝပေါင်းများစွာ ပြန်လည် ပေးဆပ်ရမည့် အနေအထားဖြစ်ပါသည်။

ထို့ကြောင့် တောမီးရှို့ခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူး ထက် ပြန်လည်ပေးဆပ်ရမည့် အဆိုးအပြစ်တို့က ပို၍များလှသည်။ ရာသီဥတုဖောက်ပြန်မည်။ စီးပွားရေးထိခိုက်မည်။ ဘဝပေါင်းများစွာ မီးဘေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ တောမီးရှို့ခြင်း အကျိုးအပြစ်ကို သိရှိနားလည်ပြီး လူတိုင်းလူတိုင်း တောမီးရှို့ခြင်းကို ရှောင်ကြဉ်အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

တောင်သူလယ်သမားနေ့ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တောင်သူလယ်သမားနေ့ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မတ်လ ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ဂုဏ်ပြုအခမ်းအနားတွင် တောင်သူလယ်သမားများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် ဆုရရှိသောတောင်သူများအား ထိုက်တန်သည့် ဂုဏ်ပြုဆုငွေများကို အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်ရေးလုပ်ငန်းနှင့် တောင်သူလယ်သမားနေ့အား ကြိုဆို၍ ရေးသားစပ်ဆိုပါဝင်ယှဉ်ပြိုင်ခဲ့ကြသော လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများ ဂုဏ်ပြုတေးသီချင်း စုစုပေါင်း ၂၆၀ ပုဒ်နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ဂီတပညာရှင်များအဖွဲ့မှ စိစစ်ရွေးချယ်ပြီး အတည်ပြုထားသည့် ဆုရဆန်ခါတင်သီချင်း ၁၀ ပုဒ်ကို တောင်သူလယ်သမားနေ့တွင် မူလစပ်ဆိုပြိုင်ပွဲဝင်ခဲ့ကြသည့် တေးသံရှင်များက ပါဝင်သီဆိုဖျော်ဖြေခြင်းအစီအစဉ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား အခမ်းအနားနေ့တွင် တစ်ပြိုင်တည်းချီးမြှင့်ပေးမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ဂီတအစည်းအရုံးက ဆန်ခါတင် အတည်ပြု ရွေးချယ်ဆုံးဖြတ်ပြီးသော ပထမ၊ ဒုတိယ၊ တတိယဆုရ တေးသီချင်းများနှင့် နှစ်သိမ့်ဆု ခုနစ်ဆု အပါအဝင် စုစုပေါင်းဆု ၁၀ ခုကို ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ် သိန်း ၃၀၊ တတိယဆု ကျပ်သိန်း ၂၀ နှင့်နှစ်သိမ့်ဆု ခုနစ်ဆုကို တစ်ဆုလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒေါက်တာကိုကိုဦး နှင့် ဒုတိယဝန်ကြီး ဦးခင်ဇော်တို့သည် နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယို ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ တိုင်းမှူး၊ တပ်မမှူးများအား စိုက်ကွင်းအနီး ရှင်းလင်းဆောင်၌ လက်ခံကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပိုက်ကွန်စနစ်ဖြင့် စနစ်တကျစိုက်ပျိုးထားသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ဂျပန်နိုင်ငံသို့တင်ပို့ရန် စိုက်ပျိုးထားသည့် အသီးတစ်လုံးလျှင် ၇ ကီလိုဂရမ် အလေးချိန်ရှိသည့် ဂျပန်မူရင်းမျိုး ရွှေဖရုံသီးစိုက်ခင်း၊ တစ်ဧက တန် ၆၀ အထက်ထွက်ရှိသည့် ခေတ်မီ အဆစ်တစ်ဆစ်ချင်း ပျိုးထောင်ပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူပညာပေးကြံသီးနှံစိုက်ခင်း၊ ကိုရီးယားနိုင်ငံသို့ တင်ပို့မည့် ရွှေဝါကန်စွန်းဥစိုက်ခင်း၊ အသီးများ ဖြိုင်ဖြိုင်ထွက်ရှိနေသော စင်တင်ဘူးသီးစိုက်ခင်း၊ ဖရဲသီးစိုက်ခင်း၊ အရိပ်ရပိုက်ကွန်စနစ်ဖြင့် စိုက်ပျိုးထားသောဂေါ်ရခါးသီးစိုက်ခင်းနှင့် ခေတ်မီအဆင့်မြင့် သစ်သီးဝလံသန့်စင်ဆေးကြောစက်၊ ထုပ်ပိုးစက်နှင့် အအေးခန်းသိုလှောင်ရုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်

ပဲခူးတွင်ကတ္တရာထပ်ပိုးလွှာလမ်းသစ်များဖွင့်

ပဲခူး ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီခွဲက ကျောက်ကြီးစု ရွာသစ်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ နေရာ၌ကျင်းပရာ ပဲခူးမြို့ ကြခတ်ဝိုင်း စာသင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥယျောမွာဘိဝံသ၊ ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးအေးဝင်း၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးရာဌာနဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ သူနာပြုတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ ကျောက်ကြီးစုရွာသစ် ကတ္တရာထပ်ပိုးလွှာ လမ်းသစ်အရှည်မှာ ပေ ၁၆၂၀ ရှိပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၇၈ သိန်း ၉ သောင်းခန့်နှင့် ရပ်ကွက်နေပြည်သူများက ငွေကျပ် ၁၆၉ သိန်း ၈ သောင်းခန့် စုစုပေါင်း ကုန်ကျငွေကျပ် ၂၄၈ သိန်း ၇ သောင်း ကုန်ကျခဲ့ပြီး ကြခတ်ဝိုင်းစာသင်တိုက်ကျောင်းထိုင်ဆရာတော်၊ ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြည်သူများအားရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သန့်စင်

အခွန်အခွန်ပေးကြလို့ တာဝန်ကိုယ်စီကျေကြစို့





ပြည်တွင်းသတင်း

မြို့တစ်မြို့တည်ဆောက်ရာတွင် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍရင်းနှီးမြှုပ်နှံတည်ဆောက်ရေးလုပ်ငန်းများသည် အရေးကြီး

နေပြည်တော် ဖေဖော်ဝါရီ ၈

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်၌ကျင်းပသည့် လူမှုထူးချွန်စာကြည့်တိုက် E-Library နှင့် စေတနာမွန်ကုသိုလ်ဖြစ် ဆေးခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးကျော်မြင့်၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးစိန်မောင်နှင့် အလှူရှင်အေအေကုမ္ပဏီ ဦးမြတ်သင်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လူမှုထူးချွန်စာကြည့်တိုက်၊ E-Library နှင့်စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို စာကြည့်တိုက်အတွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြို့တစ်မြို့တည်ဆောက်ရာတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံတည်ဆောက်ရေးလုပ်ငန်းများသည် အထူးပင်အရေးကြီးပါကြောင်း၊ ထို့အတူ မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ထိုကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးသည် အရေးကြီးပါကြောင်း။

ထို့ကြောင့် သက်ရှည်ကျန်းမာ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပညာဗဟုသုတများကို ဘဝတစ်သက်တာရှာမှီးရန် လိုအပ်ပါကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးမြတ်သင်းအောင်က လူမှုထူးချွန်စာကြည့်တိုက် E-Library နှင့် စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းဆောက်လုပ်လှူဒါန်းရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်နှင့် ဆေးခန်းတို့အား ရမည်းသင်းမြို့နယ်သို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ လွှတ်တော်ဥက္ကဋ္ဌက လူမှုထူးချွန်စာကြည့်တိုက် E-Library အတွက် ငွေကျပ် ၁၀ သိန်းနှင့် စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် ဆေးခန်းကော်မတီဥက္ကဋ္ဌ ဦးငွေသိန်းတို့က လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လူမှုထူးချွန်စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား Set Top Box ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က လက်ခံသည်။

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းကြရာ အေအေကုမ္ပဏီမှ ဦးမြတ်သင်းအောင်က စာကြည့်တိုက်အတွက် ပရိဘောဂနှင့် သိန်း ၃၀ ကျော်တန်ဖိုးရှိ စာအုပ်စာတမ်းများ၊ E-Library အတွက် ကွန်ပျူတာ၊ အင်တာနက်နှင့် အော်တိုတယ်လီဖုန်းနှင့် သင်ထောက်ကူပစ္စည်းများ၊ ဆေးခန်းအတွက် ပရိဘောဂများ၊ ဆေးခန်းသုံးစမ်းသပ်ကိရိယာများ၊ အထောက်အကူပစ္စည်းများနှင့် ဆေးပစ္စည်းများအတွက် စုစုပေါင်းငွေကျပ်သိန်း ၃၀၀၊ ရမည်းသင်းမြို့ လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်း ပညာရည်ချွန်ဆုပေးအပ်ရန် ကျပ်သိန်း ၁၀၀၊ ဒိုက်ဦးမြို့ လူမှုထူးချွန်ဒေါ်ခင်မြင့်မြင့်စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၁၀၀၊ ရမည်းသင်းအသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးအပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဦးဝင်းဆွေနှင့် ဒေါက်တာမြတ်သီတာမြင့်မိသားစုက စာကြည့်တိုက်နှင့် E-Library အတွက် ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်မိုးခိုင်နှင့် ဒေါက်တာစောနေနွယ်မိသားစုက ဆေးခန်းအတွက် ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဦးပြည့်စုံအောင်နှင့် ဒေါ်ဇင်မာလွင်မိသားစုက အဆင့်မြင့် E.C.Gစမ်းသပ်စက်နှင့် အထောက်အကူပစ္စည်းများအတွက် တန်ဖိုးငွေကျပ် ၁၅ သိန်း၊ လူမှုထူးချွန်စာကြည့်တိုက်နှင့် E-Libraryအတွက် ရမည်းသင်းမြို့နယ်အတွက် အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းနှင့် စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းအတွက် စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၅၅ သိန်းကျော်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် လူမှုထူးချွန်စာကြည့်တိုက် E-Library၊ စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲ အမှတ်တရလက်ဆောင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့က ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်နှင့် ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၈-၂-၂၀၁၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

ဘီအီးဒီပညာရေး ဖောင်ဒေးရှင်း နှစ်ပတ်လည်အခမ်း အနား ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်ပညာရေးတက္ကသိုလ် ဘီအီးဒီပညာရေးဖောင်ဒေးရှင်း၏ နှစ်ပတ်လည်ရှင်းလင်းတင်ပြပွဲ၊ အလှူငွေပေးအပ်ပွဲနှင့် ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်၍ ၁၉၆၈-၁၉၈၀ ခုနှစ်အတွင်း ဘီအီးဒီဘွဲ့ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၊ ပညာရေးစေတနာရှင် အလှူရှင်များနှင့် ပညာရေးစေတနာရှင်ပြည်သူများအား တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည့်ရက် ပြောင်းလဲသတ်မှတ်

နေပြည်တော် ဖေဖော်ဝါရီ ၈

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို ဖေဖော်ဝါရီ ၆ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့်မြဝတီသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါစတင်ဆောင်ရွက်ပေးမည့်ရက်ကို ဖေဖော်ဝါရီ ၁၇ ရက်သို့ ပြောင်းလဲထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

၂၀၁၃ ခုနှစ်အတွင်း အာဖဂန်အရပ်သားသေဆုံးမှု ၁၄ ရာခိုင်နှုန်းမြင့်တက်

ဂျီနီဗာ ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံ၌ အစိုးရနှင့် အကြမ်းဖက်မှုများအကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့၍ ၂၀၁၃ ခုနှစ်အတွင်း အရပ်သားများ သေဆုံးမှု ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂက စနေနေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

နိုင်ငံခြားတပ်များသည် အစိုးရတပ်များအား ထိန်းချုပ်ဒေသများ ပိုမိုလွှဲပြောင်းပေးနေချိန် တိုက်ခိုက်မှုများလည်း ပိုမိုဆိုးရွားလာလျက်ရှိသည်။ တိုက်ပွဲများအတွင်း သေဆုံးမှုအရေအတွက်သည် ယခင်နှစ်ကထက် သိသာစွာမြင့်တက်လာကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ်အတွင်း အာဖဂန်အရပ်သားများသေဆုံးမှု တိုးတက်လာရာ အဓိကအားဖြင့် အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်သည်ဟု ဆိုသည်။ ပြီးခဲ့သည့်နှစ်က အမျိုးသမီးများနှင့် ကလေးများ သေဆုံးမှုသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်သည်ဟု ဆိုသည်။

၂၀၁၂ ခုနှစ် ကထက် ပဋိပက္ခမှာ သုံးပုံတစ်ပုံကျော်တိုးလာပြီး သေဆုံးသူနှင့် ဒဏ်ရာရသူအရေအတွက်မှာလည်း တိုးလာခဲ့သည်ဟု ဆိုသည်။ ၂၀၁၃ ခုနှစ် တစ်နှစ်လုံးသေဆုံးသူ ၂၇ ရာခိုင်နှုန်းသည် အစိုးရနှင့် အကြမ်းဖက်သူများအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

အများပြည်သူနှင့်ဆိုင်ရာ နေရာများ၊ ဈေးများ၊ လမ်းမကြီးများနှင့် အစိုးရ အဆောက်အအုံများကို အကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၉၅၉ ဦးနှင့် ဒဏ်ရာရသူ ၅၆၅၆ ဦးရှိရာ ယင်းမှာ သေဆုံးသူ အရပ်သားစုစုပေါင်း၏ သုံးပုံတစ်ပုံရှိကြောင်း ကုလသမဂ္ဂစစ်တမ်းတွင် ဖော်ပြသည်။ **(ရိုက်တာ)**

အီဂျစ်ရဲကိုပစ်မှတ်ထားဗုံးခွဲ ရဲအရာရှိခြောက်ဦးဒဏ်ရာရ

ကိုင်ရို ဖေဖော်ဝါရီ ၈

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အမြွာဗုံးပေါက်ကွဲခဲ့ရာ ရဲအရာရှိခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးက ပြောသည်။

မြို့လယ် ဂီဇာအရပ်မှ ဒေသစံတော်ချိန် ၉ နာရီ ၄၅ မိနစ်တွင် ပေါက်ကွဲသံကြီးကြားရကြောင်း၊ နှစ်မိနစ်ခြားပြီး နောက်ထပ်ပေါက်ကွဲသံကြားရကြောင်း ၄င်းဝန်ကြီးဌာနက ပြောသည်။

အဆိုပါ ဗုံးနှစ်လုံးသည် တံတားတစ်စင်းအနီး ရပ်ထားသော ရဲတပ်ဖွဲ့ဝင်ယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ မီဒီယာများက ပြောသည်။ အီဂျစ်သမ္မတ မိုဟာမက်မော်စီကို ပြီးခဲ့သည့်နှစ် ဇူလိုင်လက စစ်တပ်ကဖြုတ်ချပြီးနောက် အီဂျစ်နိုင်ငံ၌ လက်နက်ကိုင်အုပ်စုများက တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများသည် သောကြာနေ့ဆုတောင်းပွဲအပြီး မြို့တော်နေရာအချို့၌ ဆန္ဒပြမှုများပြုလုပ်လိမ့်မည်ဟု မျှော်လင့်ထားသည်။ **(ဘီဘီစီ)**

ဂျပန်မြို့တော်၌ ဆီးနှင်းများထူထပ်စွာကျဆင်း နေအိမ်အပြင်မထွက်ရန် သတိပေးချက်ထုတ်ပြန်

တိုကျို၌ ဆီးနှင်းများထူထပ်စွာကျဆင်းသဖြင့် ရှင်းလင်းမှုပြုလုပ်နေစဉ်။

တိုကျို ဖေဖော်ဝါရီ ၈

ဂျပန်နိုင်ငံ၌ ဆီးနှင်းများထူထပ်စွာကျဆင်းလျက်ရှိရာ တိုကျိုမြို့နေပြည်သူများ နေအိမ်အပြင်ဘက် မထွက်ကြရန် နှင်းမုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားသည်။ ထိုကဲ့သို့ သတိပေးချက်ထုတ်ပြန်ရခြင်းမှာ ၁၃ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။ အဆိုပါ နှင်းမုန်တိုင်းကျရောက်မှုကြောင့် ရာပေါင်းများစွာသော လေကြောင်းပျံသန်းမှုများ ဖျက်သိမ်းလိုက်ရသည်။ လမ်းများပိတ်ထားရပြီး ရထားပြေးဆွဲမှုအချို့ ရပ်ဆိုင်းထားရသည်။

တိုကျိုမြို့တွင် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက နှင်းထု လေးစင်တီမီတာ (၁ ဒသမ ၆လက်မ)အထိ ရှိခဲ့ရာ နှင်းနှင့်ပတ်သက်သော မတော်တဆမှုကြောင့် အနည်းဆုံး ၄၃ ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသမီဒီယာများက သတင်းဖော်ပြသည်။ ဂျပန်အရှေ့ပိုင်း၌ အပူချိန်ဆက်တိုက်ကျဆင်းလျက်ရှိရာ ဆီးနှင်းများ ပိုမိုကျရောက်နိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးချက် ထုတ်ပြန်ထားသည်။

ဂျပန်မြောက်ပိုင်း၌ ပြီးခဲ့သည့်နှစ်က ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ရာ နှင်းထု ၁၈ ပေအထိမြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ စံချိန်တင်မြင့်မားသည့် ထုထည်ပမာဏဖြစ်ပြီး အဆောက်အအုံများပြိုကျနိုင်သည့် ဆီးနှင်းကျရောက်မှုဖြစ်သည်။ **(ဘီဘီစီ)**

အီရတ်၌ကားဗုံးပေါက်ကွဲမှုဖြစ်ပွား ရှစ်ဦးသေဆုံး၊ ၃၂ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

အီရတ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးရှစ်ဦးသေဆုံးပြီး အခြား ၃၂ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း ရဲအရာရှိက ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက် ၁၇၀ ကီလိုမီတာ တွက်ခါမာတူ၌ ကားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၂၂ ဦးရှိကြောင်း၊ အိမ် ၁၅ လုံးနှင့် ကားခုနစ်စီးမှာလည်း ပြင်းထန်သော ပေါက်ကွဲမှုနှင့်အတူ ပျက်စီးသွားခဲ့ကြောင်း ၄င်းက ဆင်ဟွာသို့ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း ဆာဒါမြို့၌လည်း အလားတူကားဗုံးဖောက်ခွဲမှုကြောင့် ရဲတစ်ဦးနှင့် အရပ်သားတစ်ဦးသေဆုံးပြီး ဒဏ်ရာရသူ ခုနစ်ဦးရှိကြောင်း သိရသည်။

ဘဂ္ဂဒက်အနောက်ပိုင်း ဂါဇာလီယာ၌ ပါလီမန်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းကို သေနတ်သမားများက အသံတိတ်သေနတ်များဖြင့် လုပ်ကြံမှုဖြစ်ပွားခဲ့သည်။

လွတ်မြောက်

ထို့အပြင် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၂၀၀ရှိ ဘိုင်ဂျီတွင် အီရတ်စစ်တပ်ယာဉ်တန်းကို အဓိကပစ်မှတ်ထား၍ ဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ရာ ၄င်းအီရတ်စစ်တပ်မှ တပ်မှူးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့ပြီး ၄င်း၏ ကိုယ်ရံတော်သုံးဦးမှာ ဒဏ်ရာများရရှိခဲ့သည်။

အီရတ်နိုင်ငံတွင်ယခုကဲ့သို့ တိုက်ခိုက်မှုများကြောင့် ၂၀၁၃ ခုနှစ်အတွင်း အရပ်သားနှင့်အရပ်သားရဲ ၇၈၁၈ဦးအပါအဝင် စုစုပေါင်း ၈၈၆၈ဦး သေဆုံးခဲ့ကြောင်း၊ ၄င်းသေဆုံးမှုမှာ ပြီးခဲ့သောနှစ်များအတွင်း သေဆုံးမှုနှုန်းအများဆုံးနှင့် အဆိုးရွားဆုံးဖြစ်ကြောင်း ကုလသမဂ္ဂအီရတ်ထောက်ပံ့ရေးမစ်ရှင်အရ သိရသည်။ **(ဆင်ဟွာ)**

စပိန်တော်ဝင်မင်းသမီးခရစ္စတီးနား အကျင့်ပျက်ခြစားမှုဖြင့် တရားရင်ဆိုင်နေရ

မက်ဒရစ် ဖေဖော်ဝါရီ ၈

စပိန်မင်းသမီးခရစ္စတီးနားသည် အကျင့်ပျက်ခြစားမှုတွင် ပါဝင်နေသော ၄င်း၏ခင်ပွန်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်မှုဖြင့် တရားရုံးသို့လာရောက်စစ်ဆေးမှုခံယူရမည်ဖြစ်သည်။ ထိုသို့တရားရုံးသို့ လာရောက်စစ်ဆေးမှုခံယူရခြင်းမှာ စပိန်တော်ဝင် မိသားစုသမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်ဟုဆိုသည်။

ခင်ပွန်းဖြစ်သူ အီနာကီအာဒန်ဂါရင်သည် ပြည်သူ့ငွေကြေး ယူရိုသန်းပေါင်းများစွာ ဒေသဆိုင်ရာအစိုးရများထံမှ အလွဲသုံးစားပြုလုပ်မှုဖြင့် တရားစွဲဆိုခံနေရသည်။ ၄၈ နှစ်အရွယ်ရှိ မင်းသမီးခရစ္စတီးနားနှင့် ၄င်း၏ခင်ပွန်းဖြစ်သူတို့က အဆိုပါစွပ်စွဲချက်များကို ငြင်းဆိုထားသည်။ မင်းသမီးခရစ္စတီးနားနှင့်အတူ သူမ၏ရှေ့နေတို့က တရားရုံးသို့အတူလိုက်ပါလာမည်ဖြစ်သည်။ သူမအား ဘာလီယာရင်ကျွန်းစုမြို့တော် မာလော့ကာမြို့တရားရုံး၌ တရားသူကြီးက တံခါးပိတ်ကြားနာစစ်ဆေးမည်ဖြစ်ပြီး ဒါဇင်နှင့်ချီသောမေးခွန်းများကို ပြန်လည်ဖြေကြားပေးရမည်ဖြစ်သည်ဟု ဆိုသည်။ ကမ္ဘာတစ်ဝန်းမှ မီဒီယာများက သူမအားမေးမြန်းရန် တရားရုံးအပြင်ဘက်၌ စောင့်ဆိုင်းနေလျက်ရှိသည်။ **(ဘီဘီစီ)**

အီဂျစ်၌ သမ္မတမော်စီထောက်ခံသူများဆန္ဒပြ၊ နှစ်ဦးသေဆုံး

ကိုင်ရို ဖေဖော်ဝါရီ ၈

အီဂျစ်နိုင်ငံ၌ သမ္မတ မိုဟာမက်မော်စီကို ထောက်ခံသူများနှင့် လုံခြုံရေး တပ်ဖွဲ့များအကြား ဖေဖော်ဝါရီ ၇ ရက်က ပဋိပက္ခဖြစ်ပွားရာ အနည်းဆုံး နှစ်ဦးသေဆုံးခဲ့ပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပဋိပက္ခကြောင့် မြို့တော်ကိုင်ရိုတွင် တစ်ဦးသေဆုံးခဲ့ပြီး ကိုင်ရိုတောင်ပိုင်း၌ အလားတူပဋိပက္ခဖြစ်ပွားမှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း မီနာသတင်းအေဂျင်စီ၏ ဖော်ပြချက်ကို ဒေသရုပ်သံမီဒီယာက ထုတ်လွှင့်ခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လက သမ္မတမော်စီ ပြုတ်ကျသွားကတည်းက အစ္စလာမ္မစ်များက လက်ရှိကြားဖြတ်အစိုးရကို ဆန္ဒပြကန့်ကွက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၄င်းပဋိပက္ခသည် ကိုင်ရို၊ ဂီဇာ၊ ဖေးယွန်နှင့် အလက်ဇန်းဒရီးယား ထိ ပျံ့နှံ့ခဲ့သည်။

ကြားဖြတ်အစိုးရသည် သမ္မတမော်စီထောက်ခံသူများကို အကြမ်းဖက်သမားများအဖွဲ့ဟု ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ကြေညာခဲ့ပြီး ၄င်းကိုထောက်ခံသူ ၁၀ ဦးကို ဖမ်းဆီးခဲ့သည်။ ယင်းထောက်ခံသူ အများစုသည် မွတ်စလင်ညီနောင်များအဖွဲ့မှဖြစ်သည်။ ပြည်ထဲရေးဒုတိယဝန်ကြီးက ၄င်းညီနောင်များအဖွဲ့ကြောင့် လက်ရှိ အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြောကြားခဲ့သည်။

သောကြာနေ့တွင် ဂီဇာတံတား စစ်ဆေးရေးဂိတ်၌ ရဲကားနှစ်စီး တိုက်ခိုက်ခံရမှုကြောင့် ရဲလေးဦးအပါအဝင် အနည်းဆုံးခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ သမ္မတမော်စီကို မူလရာထူး ပြန်လည်ခန့်အပ်ရန် တောင်းဆိုခဲ့ပြီး ၄င်းကို ဖြုတ်ချခဲ့သူများကို အာဏာသိမ်းသူများဟု ပြောဆို၍ အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ကိုင်ရို၊ စူးအက်နှင့် ဆိုင်းနိုင်းရှိ အဆောက်အအုံများနှင့် အမှုထမ်းများကို ဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အနည်းဆုံး ၂၀ သေဆုံးပြီး ဒဏ်ရာရရှိသူ ၁၂၀ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

အာဂျင်တီးနား၌ ယာဉ်တိုက်မှု ၁၈ ဦးသေဆုံး

မန်ဒိုဇာ ဖေဖော်ဝါရီ ၈

အာဂျင်တီးနားနိုင်ငံ မန်ဒိုဇာမြို့အနောက်ပိုင်း၌ ဘတ်စ်ကားတစ်စီးက လော်ရီကားတစ်စီးကို ဝင်တိုက်ခဲ့ရာ အနည်းဆုံး ၁၈ ဦး သေဆုံးသွားသည်။ သေဆုံးသူများတွင် ဘတ်စ်ကားယာဉ်မောင်းလည်းပါဝင်ပြီး မော်တော်ယာဉ်နှစ်စီးတိုက်မိပြီးနောက် မီးလောင်ပျက်စီးသွားခဲ့သည်။ **(ဘီဘီစီ)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် သန့်စင်ခန်းများအပြင် Coffee Shop နှင့် လေထိုးကျွတ်ဖာဆိုင်များ ထည့်သွင်းတည်ဆောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကိုအသုံးပြုနေသော ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် မိုင်တိုင်အမှတ် (၄၀/၀)၊ မိုင်တိုင်အမှတ် (၁၁၅/၀)၊ မိုင်တိုင်အမှတ် (၂၀၀/၀)၊ မိုင်တိုင်အမှတ် (၂၈၆/၀) နှင့် မိုင်တိုင်အမှတ် (၃၅၂/၂) တို့တွင် Rest Camp ကြီးများ လျာထားတည်ဆောက်ထားရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့အပြင် ယာယီသန့်စင်ခန်းများကို Rest Camp ကြီးများ၏ အကွာအဝေးအလယ်များဖြစ်သည့် မိုင်တိုင်အမှတ် (၄၀/၀)၊ မိုင်တိုင်အမှတ် (၇၆/၀)၊ မိုင်တိုင်အမှတ် (၁၅၈/၄)၊ မိုင်တိုင်အမှတ် (၂၄၃/၀)၊ မိုင်တိုင်အမှတ် (၃၁၇/၂) နှင့် မိုင်တိုင်အမှတ် (၃၅၈/၀) နေရာ ခြောက်ခုတွင် တည်ဆောက်ထားရှိပြီး ယာယီသန့်စင်ခန်းများတည်ဆောက်ရာတွင် သန့်စင်ခန်းများအပြင် Coffee Shop နှင့် လေထိုးကျွတ်ဖာဆိုင်များလည်း ထည့်သွင်းတည်ဆောက်ထားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းအနေဖြင့် ရေရှည်တွင် ထို Coffee Shop နှင့် သန့်စင်ခန်းများကို ခရီးသွားပြည်သူများ အဆင်ပြေစွာ အသုံးပြုနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးတွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ထားခြင်းလည်း ဖြစ်ကြောင်း သိရသည်။

Coffee Shop နှင့် ယာယီသန့်စင်ခန်းများအား အထက်ဖော်ပြပါ နေရာခြောက်နေရာတွင် သန့်စင်ခန်း ၁၀ ခု တည်ဆောက်ပြီးစီးသည့်အခါ၌ ပြီးခဲ့သောနှစ် ဒီဇင်ဘာ ၁၇ ရက်က ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် လုပ်ငန်းတင်ဒါခေါ်ယူခဲ့ရာ မိုင်တိုင်အမှတ် (၄၀/၀) တွင် Coffee Shop နှင့် သန့်စင်ခန်းအား ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက လည်းကောင်း၊ မိုင်တိုင် အမှတ် (၇၆/၀) ရှိ Coffee Shop နှင့် သန့်စင်ခန်းနှစ်ခုကို ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးက လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၅၈/၄)ရှိ Coffee Shop နှင့် သန့်စင်ခန်းနှစ်ခုကို ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးက လည်းကောင်း၊ မိုင်တိုင်အမှတ် (၂၄၃/၀) ရှိ Coffee Shop နှင့် သန့်စင်ခန်းနှစ်ခုကို ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးက လည်းကောင်း လုပ်ငန်းတင်ဒါ အောင်မြင်၍ လုပ်ငန်းစာချုပ်ချုပ်ဆိုခဲ့သည်။

ထိုသို့ စာချုပ်ချုပ်ဆိုထားသော လုပ်ငန်းရှင်များသည် ပထမအဆင့်အနေဖြင့် မူလကဈေးရောင်းချနေသည့် ရပ်ကွက်၊ ကျေးရွာ ဈေးသည်များအား စနစ်တကျရှိစေရန် စည်းရုံးနေရာချပေးခြင်းလုပ်ငန်းများ၊ မီးရရှိရေး၊ ရေရ ရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယာယီသန့်စင်ခန်းများကို နိုင်ငံတကာအဆင့်မီ ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နေစဉ် ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းအဖွဲ့မှ ယာယီ သန့်စင်ခန်းတစ်ခုလျှင် လုပ်သား ငါးဦးထားရှိပြီး သန့်ရှင်းရေး ဝန်ဆောင်မှုများနှင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင်ခြင်းဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

တင်ဒါလုပ်ငန်း မအောင်သည့် မိုင်တိုင်အမှတ် (၃၁၇/၂) မှ သန့်စင်ခန်း နှစ်ခုနှင့် မိုင်တိုင်အမှတ် (၃၅၈/၀) မှ သန့်စင်ခန်းတစ်ခုတို့ကို ဆက်လက်၍ နောက်တစ်ကြိမ်တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း သိရပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ မလွှဲပြောင်းမီကာလအတွင်း ရန်ကုန်-မန္တလေး ပြုပြင်ထိန်းသိမ်းရေး အထူးအဖွဲ့က ဆက်လက်တာဝန်ယူထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားပြည်သူများကလည်း အဆိုပါ သန့်စင်ခန်းများ၏ သန့်ရှင်းရေးနှင့် မပျက်စီးစေရေးအတွက် ကူညီအသုံးပြုပေးကြပါရန် မေတ္တာရပ်ခံလိုက်ကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

စိုးဝင်း(SP)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Juinor Golf Myanmar (JGM)က ကျင်းပသော 5th Junior Golf Myanmar Tournament 2014 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အသက် ၂၄ နှစ်အောက်၊ အသက် ၁၈ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက်ပြိုင်ပွဲ၊ ၁၀ နှစ်အောက်ပြိုင်ပွဲဟူ၍ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် လူငယ်ဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထားပြီး အမည်စာရင်းနှင့် ပူးတွဲ၍ မွေးစာရင်း သို့မဟုတ် မှတ်ပုံတင် (မူရင်း / မိတ္တူ)များနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ယင်းလူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၃၆၀၂၀၉၇၈ နှင့် ၀၁-၉၆၆၉၅၂၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ အဆိုပါ သက်တန်းအလိုက် လူငယ်ဂေါက်သီးရိုက်အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ကူညီပံ့ပိုးနိုင်သည်။

(မြန်မာ့အလင်း)

ကျေးရွာချင်းဆက် သော်ကလမ်းသစ်ဖွင့်

ကျောက်တံခါး ဖေဖော်ဝါရီ ၈

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက်ရှိ ကျေးရွာချင်းဆက် သော်ကလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအေးကျော်က အမှာစကားပြောကြားကာ လမ်းတာဝန်ခံမြို့နယ်စည်ပင် အင်ဂျင်နီယာ ဦးစိုးမင်းက လမ်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ရှင်းလင်းပြောကြား၍ ရပ်ကွက်နေပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးမောင်အေးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လမ်းဖွင့်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအေးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ပြုလုပ်ခဲ့ပြီး လမ်းအရှည် ၈၄၅ ပေ၊ အကျယ် ၁၂ ပေ၊ လမ်းထု ၁၂ ဒသမ ၅ လက်မတို့ဖြင့် စုစုပေါင်း ကုန်ကျငွေကျပ် ၁၈၄ သိန်းဖြစ်ကြောင်း၊ လမ်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံတား)

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

တီးတိန် ဖေဖော်ဝါရီ ၈

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနက ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က မီးသတ်ယူနီဖောင်းများ ပေးအပ်ရသည့်အကြောင်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာန၏လုပ်ငန်းများ၊ အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၇၈၀ ကို ငွေကျပ် ၁၀၀၀၀ တန် တူညီဝတ်စုံများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နေစု (iprd)

ပြည်ထောင်စုနေ့ဘောလုံးပွဲ ၂၂ သင်းပြိုင်

နွားထိုးကြီး ဖေဖော်ဝါရီ ၈

နွားထိုးကြီးမြို့နယ်၌ (၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က နွားထိုးကြီးအားကစားကွင်း၌ ကျင်းပရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်ဘောလုံးအသင်း ၂၂ သင်းပါဝင်ယှဉ်ပြိုင်ကြသည်။

ကွင်းဖွင့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က အမှာစကားပြောကြားပြီး အုပ်စုခုနစ်စုပတ်လည် ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်ပေးသည်။ ဖေဖော်ဝါရီ ၁၇ ရက်အထိ အုပ်စုပတ်လည်ကစားကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ဗိုလ်လုပွဲကျင်းပနိုင်ရန် ခန့်မှန်းထားသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ပျောက်ဆုံးကြောင်း

ကျွန်တော် ရာဇီးယူလ္လာ ပိုင် KMW-၁၃၆၉၂၉ ကိုင်ဆောင်သူ၏ သွင်းကုန်လိုင်စင် (ILV, 13, 14, 1979 18.11.13)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၉၆၀၀၉၅၄

YIT Social Network (1993-2000)

သူငယ်ချင်းဟောင်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

ကျောင်းသား ကျောင်းသူဟောင်းများ အချင်းချင်းပြန်လည်ဆက်သွယ်နိုင်ရေး၊ အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး၊ ကျန်းမာရေးအရ ကူညီစောင့်ရှောက်မှုပေးရန် လိုအပ်နေသော ဆရာဆရာမများနှင့် သူငယ်ချင်းများအား ထောက်ပံ့ကူညီနိုင်ရေးတို့အတွက်ရည်ရွယ်၍ YIT Social Network (1993-2000) ကို ၁၂-၁-၂၀၁၄ ရက်တွင် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းဟောင်းများအနေဖြင့် ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်- (၁) ကိုနေလင်း(Civil) ဖုန်း-၀၉-၅၀၂၂၂၂၀၊
(၂) ကိုရဲထွတ် (Mech) ဖုန်း-၀၉-၅၁၃၇၉၉၃၊
(၃) ကိုမျိုးမင်းဦး (EC) ဖုန်း-၀၉-၇၃၁၇၃၂၈၀၊
(၄) ကိုဇော်မင်းဦး(EP) ဖုန်း-၀၉-၄၂၀၀၁၂၁၂၄၊
(၅) ကိုမြတ်ကျော်ကျော် (Mining) ဖုန်း-၀၉-၅၁၆၁၂၅၆

Facebook: : https://www.facebook.com/groups/1993YIT2000/

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးအင်တိုက်အားတိုက်ပါဝင်ကူညီ

နိုင်ငံတော်၏လူမှုရေးစီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များရရှိရန် ရည်ရွယ်ကောက်ယူသည့် သန်းခေါင်စာရင်းနှင့်ပတ်သက်၍ မိဘပြည်သူများ၏ မရှင်းလင်းသည့်အချက်များ၊ မကျေလည်သည့်အချက်များကို ပြန်လည်တင်ပြနိုင်စေရန် ဗဟိုသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကြီးတစ်ခုလုံးကိုတာဝန်ယူထားသည့် သန်းခေါင်စာရင်းတာဝန်ခံ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

မေး။ ။ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်မှာ သန်းခေါင်စာရင်းကောက်ယူခဲ့တာနဲ့ ပတ်သက်ပြီး အကျဉ်းချုပ်လေးရှင်းပြပေးစေချင်ပါတယ် ခင်ဗျာ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ သာလွန်မင်းလက်ထက်နဲ့ ဘိုးတော်ဘုရားလက်ထက်တွေကစပြီး သန်းခေါင်စာရင်းသဘောသက်ရောက်တဲ့ စစ်တမ်းတွေကောက်ယူခဲ့တာကို တွေ့ရပါတယ်။ အဲ့ဒီစစ်တမ်းတွေမှာ လူဦးရေအကြောင်းအရာ၊ အိမ်ခြေ၊ လယ်ယာမြေ၊ သီးနှံထွက်ရှိမှု၊ အခွန်တော်ငွေစတဲ့ စာရင်းတွေကို ကောက်ယူခဲ့ပါတယ်။ မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရအုပ်ချုပ်ချိန်မှာ စီမံခန့်ခွဲရေးရာကိစ္စရပ်တွေကို အထောက်အကူဖြစ်စေဖို့ ၁၈၇၂ ခုနှစ်နဲ့ ၁၈၈၁ ခုနှစ်တို့မှာ ဗြိတိသျှလက်အောက်မှာရှိတဲ့ အောက်မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်းကောက်ယူခဲ့ပါတယ်။ ၁၈၉၁ ခုနှစ်ကစပြီး ၁၉၄၁ ခုနှစ်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ သန်းခေါင်စာရင်းများကို ၁၀ နှစ်တစ်ကြိမ် အချိန်မှန်ကောက်ယူခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပြည့်စုံတဲ့ သန်းခေါင်စာရင်းတွေကို ၁၉၇၃ ခုနှစ်မှာတစ်ကြိမ်၊ ၁၉၈၃ ခုနှစ်မှာတစ်ကြိမ် လူထုလှုပ်ရှားမှုအသွင်နဲ့ ကောက်ယူနိုင်ခဲ့ပါတယ်။

မေး။ ။ သန်းခေါင်စာရင်းမေးခွန်းရဲ့ အမည်ဆိုတဲ့အကွက်မှာ မေးမြန်းသူက ကိုယ့်အိမ်မှာရှိနေတဲ့ လူတွေရော၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်လို့သတ်မှတ်ထားတဲ့ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ညသန်းခေါင်ယံအချိန်မှာ ကိုယ့်အိမ်မှာတည်းခဲ့တဲ့ ဧည့်သည်တွေရော၊ ကိုယ့်အိမ်မှာငှားနေတဲ့ အိမ်ငှားတွေကိုပါ ထည့်သွင်းရေးသားမယ်လို့ သိရပါတယ်။ ကိုယ့်အိမ်ထောင်စုစာရင်းထဲမှာ မိသားစုမဟုတ်တဲ့မဆိုင်သူတွေပါနေလို့ တစ်ချိန်ချိန်မှာ ဒါကို အကိုးအကားလုပ်ပြီး ပိုင်ဆိုင်မှုအတွက်တောင်းဆိုမှုတွေ ရှိလာနိုင်သလားဆိုတဲ့ သိလိုချက်များရှိကြောင်း ကြားနေရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းပြောကြားစေလိုပါတယ်။

ဖြေ။ ။ သန်းခေါင်စာရင်းကောက်ယူတဲ့ မေးခွန်းပုံစံပါစာရွက်ဟာ အိမ်ထောင်စုစာရင်းစာရွက်မဟုတ်ပါဘူး။ အိမ်ထောင်စုစာရင်းဆိုတာက အတိုချုပ်ပြောရရင် အိမ်ထောင်ဦးစီး အဖေ၊ အမေ၊ သား/သမီးများစသည်ဖြင့် အိမ်မှာအတူနေတဲ့ မိသားစုဝင်တွေကို ဖော်ပြထားတာဖြစ်ပြီး သန်းခေါင်စာရင်းကောက်တဲ့ မေးခွန်းစာရွက်ကတော့ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ ကိုယ့်အိမ်မှာရှိနေတဲ့သူအားလုံးကို မှတ်တမ်းတင်တာဖြစ်လို့ ကိုယ့်အိမ်သားရော၊ ဧည့်သည်ရော၊ အိမ်ငှားတွေရောပါနိုင်ပါတယ်။ သဘာဝမတူသလို အိမ်ထောင်စုစာရင်းလည်း မဟုတ်တာကြောင့် ပိုင်ဆိုင်မှုနဲ့လည်း မသက်ဆိုင်ပါဘူး။ ပိုင်ဆိုင်ကြောင်း သက်သေအထောက်အထားအဖြစ်လည်း အသုံးပြု၍ မရနိုင်ပါဘူးခင်ဗျာ။

မေး။ ။ ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို ဘာလို့မေးတာလဲ၊ အခွန်ကောက်ဖို့လားဆိုပြီးသိချင်နေကြပါတယ်။ အဲဒါလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ သန်းခေါင်စာရင်းမေးခွန်းမှာပါတဲ့ ပိုင်ဆိုင်မှုဆိုတာ အိမ်ထောင်စုတစ်စုချင်းရဲ့ ပိုင်ဆိုင်မှုကို သိနိုင်တဲ့နိုင်ငံရဲ့ Wealth Index ကို ဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်။ မေးမြန်းချက်မှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်း၊ စက်ဘီး၊ ထော်လာဂျီ၊ လှေ၊ လှည်း စသည်ဖြင့် ရှိပါသလားလို့ မေးထားပါတယ်။ ဘယ်နှခုရှိသလဲလို့ မမေးသလို ဘယ်ကရသလဲလို့ မမေးပါဘူး။ ဒါကြောင့် အခွန်ကောက်လို့လည်းမရပါဘူး။ သန်းခေါင်စာရင်းဥပဒေကလည်း အခွန်မကောက်ကြောင်း တရားဝင်ကာကွယ်ပေးထားပြီး ဖြစ်ပါတယ်။

မင်းမင်းဇော်

ဒါ့အပြင် ဒီမေးခွန်းမှာ တစ်ဦးချင်းရဲ့ ကိုယ်ပိုင်ပစ္စည်း ပိုင်ဆိုင်မှုတွေဖြစ်တဲ့ ရွှေဘယ်လောက်ရှိသလဲ၊ ငွေဘယ်လောက်ရှိသလဲ စတာတွေကိုလည်း မမေးတဲ့အတွက် စိုးရိမ်သောက ဖြစ်စရာမလိုပါဘူးခင်ဗျာ။

မေး။ ။ အခုကောက်မယ့် သန်းခေါင်စာရင်းမှာ တိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုးအပေါ် အခြေခံတယ်။ တကယ်မြေပြင်မှာ အချို့လူမျိုးစုအမည်တွေမရှိဘူး၊ အမည်သစ်တွေလည်းရှိတယ်၊ နဂိုပါပြီးအမည်တွေကလည်း သတ်ပုံသတ်ညွှန်းလွဲနေတာတွေလည်းရှိတယ် စသည်ဖြင့် ပြောဆိုနေမှုတွေ ကြားရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ လက်ရှိပြောနေတဲ့ တိုင်းရင်းသားလူမျိုးစု (၁၃၅)မျိုးဆိုတာ အစဉ်အဆက် ဖော်ထုတ်ပြုစုလာခဲ့ကြတာပါ။ ၁၉၃၁ ခုနှစ် ဗြိတိသျှကိုလိုနီလက်ထက် သန်းခေါင်စာရင်း ကောက်ယူစဉ်ကတည်းက လူမျိုးစုအရေအတွက်ကို ဖော်ထုတ်လာခဲ့ကြပြီး အဆင့်ဆင့်တာဝန်ရှိအဖွဲ့အစည်းများက ညှိနှိုင်းဆုံးဖြတ် အတည်ပြုခဲ့ကြတာ ဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်စဉ်က တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကို အတည်ပြုခဲ့သလို ၁၉၈၃ ခုနှစ် ကောက်စဉ်ကလည်း အဲဒီ ၁၃၅ မျိုးအပေါ်မှာပဲ အခြေခံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုအချိန်ထိလည်း ပြင်ဆင်ဖြည့်စွက်ထပ်မံအတည်ပြုခဲ့တာမရှိသေးပါဘူး။ သို့သော်လည်း ဒီစာရင်းပဲ အမှန်ဖြစ်နေတယ်လို့ တရားသေဆုပ်ကိုင်ပြောဆိုခြင်း မဟုတ်ပါဘူး။ နှစ်ပေါင်း ၃၀ ကျော်ကြာသွားပြီဖြစ်လို့ ထပ်တိုးစဉ်းစားရမယ့် အမည်သစ်များရှိမလား၊ ပယ်ဖျက်ပစ်ရန်များရှိမလား။ သတ်ပုံသတ်ညွှန်းရော လွဲနေသလား စသည်ဖြင့် ပကတိအခြေအနေနဲ့ ကိုက်ညီအောင် ပြန်လည်ပြင်ဆင်နိုင်ဖို့ အခုလိုသန်းခေါင်စာရင်းကောက်ရတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် လွဲမှားနေပါတယ်လို့ ပြောစရာမလိုတော့ဘဲ တိုင်းရင်းသားပြည်သူများက ကိုယ့်လူမျိုးအမည်မှန်ကို ကိုယ့်ဆန္ဒအတိုင်းပြောခွင့်ရှိပြီး ပြောတဲ့အတိုင်းမှတ်တမ်းတင်ရေးသွင်းပေးမှာဖြစ်လို့ ထည့်မပြောတဲ့ အမည်စာရင်းတွေက အလိုလိုပျောက်သွားပြီး ထည့်ပြောတဲ့စာရင်းတွေက မှတ်တမ်းဝင်သွားမှာပါ။ သတ်ပုံသတ်ညွှန်း ပြင်ဆင်ချက်ကိုလည်း ပြောတဲ့အတိုင်းရေးသွားမှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်ဟာ ပြင်ဆင်ပေးတဲ့ လုပ်ငန်းစဉ်လို့ ပြောရမှာဖြစ်ပါတယ်ခင်ဗျ။

မေး။ ။ သန်းခေါင်စာရင်းကောက်မယ့်ကိစ္စနဲ့ပတ်သက်လို့ လူမျိုးစုများနဲ့ ကြိုတင်ညှိနှိုင်းခြင်းမလုပ်ခဲ့ဘူးလို့ ပြောဆိုမှုများလည်းရှိကြောင်း သိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ သိပါရစေ။

ဖြေ။ ။ ဒီနေရာမှာ နှစ်ပိုင်းရှိပါတယ်။ သန်းခေါင်စာရင်းမကောက်ခင် ကြိုတင်ညှိနှိုင်းခြင်းနဲ့ စာရင်းကောက်ပြီးနောက် လိုအပ်ရင် ပြန်လည်ပြင်ဆင်အတည်ပြုနိုင်ဖို့ ညှိနှိုင်းခြင်းဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ လက်ရှိကိန်းဂဏန်းဟာ အတည်ပြုထားပြီးဖြစ်လို့ ကနဦးအဆင့်စတင်အခြေခံတဲ့ သဘောဖြစ်ပါတယ်။ စာရင်းမကောက်ခင် ကြိုတင်ညှိနှိုင်းကြမယ်ဆိုရင် ပြင်ဆင်လိုတာ၊ ဖြည့်စွက်လိုတာ၊ နုတ်ပယ်လိုတာတွေနဲ့အငြင်းပွားပြီး လူတိုင်းရဲ့ဆန္ဒမပါနိုင်တဲ့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်တဲ့အတွက် အကျိုးသက်ရောက်မှုမရှိနိုင်ဘူးလို့ ယူဆပါတယ်။ လက်ရှိ ဒီလုပ်ငန်းစဉ်ဟာ ရှိပြီးအခြေခံကိန်းဂဏန်းအပေါ် ပြန်လည်စိစစ်အတည်ပြုနိုင်ဖို့ ဆောင်ရွက်တာဖြစ်တာကြောင့် စာရင်းကောက်ပြီး အချက်အလက်တွေ ရလာတဲ့အခါကျမှ အဲ့ဒီအချက်တွေအပေါ် ဘယ်နည်းဘယ်ပုံ ဆောင်ရွက်သင့်တယ်ဆိုတာကို လူစုံတက်စုံဝိုင်းဝန်းဆွေးနွေး အတည်ပြုကြရမယ့်ကိစ္စမျိုးသာ ဖြစ်ပါတယ်။ ဒါ့အပြင် သန်းခေါင်စာရင်းမေးခွန်းများနဲ့ ပတ်သက်ပြီး တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆုံးဖြတ်ခဲ့ကြတာမဟုတ်ပါဘူး။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီအချက်အလက်တွေကို အသုံးပြုကြမယ့် အဖွဲ့အစည်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲ (Data User Workshop)များ ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့သလို ပြည်တွင်းပြည်ပပညာရှင်များနဲ့လည်း အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ပြီး သတ်မှတ်စံများအတိုင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

မေး။ ။ သန်းခေါင်စာရင်းမှာ အသုံးပြုမယ့်လူမျိုးစု ဂဏန်းသင်္ကေတ (code) နဲ့ ပတ်သက်လို့ နားမလည်မှုများရှိတယ်လို့ ကြားရပါတယ်။ ဒါနဲ့ ပတ်သက်လို့ သိပါရစေ။

ဖြေ။ ။ ဂဏန်းသင်္ကေတ(code) သတ်မှတ်တယ်ဆိုတာ အသုံးပြုတဲ့ စက်ကိရိယာတွေက လက်ရေးစာသားတွေကို မဖတ်နိုင်တဲ့အတွက် code ဆိုတာကို သုံးရတာပါ။ ဒါကနည်းပညာ လုပ်ငန်းစဉ်တစ်ခုသာ ဖြစ်ပါတယ်။ ဂဏန်းသင်္ကေတကိုသုံးရင် စက်နဲ့ဖတ်နိုင်တာကြောင့် သိလိုတဲ့အချက်ကို အချိန်တိုတိုနဲ့ ဖော်ထုတ်နိုင်မှာဖြစ်ပြီး ဂဏန်းသင်္ကေတကိုမသုံးရင် လူပေါင်းသန်း ၆၀ကို တစ်ခုချင်းရေတွက်နေရမှာဖြစ်လို့ နှစ်ပေါင်းများစွာကြာမှ ကိန်းဂဏန်းအဖြေကို ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ လူမျိုးစုတွေကို ကုတ်နံပါတ်ပေးတယ်ဆိုတာဟာလည်း စက်နဲ့ဖတ်ပြီး အရေအတွက်ကို အချိန်တိုနဲ့ ဖော်ထုတ်နိုင်အောင် ဆောင်ရွက်တာပါ။

မေး။ ။ နောက်မေးခွန်းတစ်ခုက လူမျိုးစုတစ်ခုမှာ လူမျိုးစုငယ် ၁၂ မျိုးရှိတယ်လို့ သတ်မှတ်ထားပြီး မြေပြင်မှာ ခုနစ်မျိုးလောက်ပဲရှိတယ်လို့ပြောနေကြတာကြားရလို့ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ လူမျိုးစု ၁၂ မျိုးရှိနေတယ်ဆိုတာ ယခင်ရှိပြီးစာရင်းအရ ကနဦးမှတည်ရေးသားအခြေခံခဲ့တာဖြစ်ပါတယ်။ ယခုစာရင်းကောက်တဲ့အခါ ဖြေဆိုတဲ့သူက ကိုယ့်လူမျိုးအမှန်ကို ကိုယ့်ဆန္ဒအတိုင်းဖြေခွင့်ရှိတာဖြစ်လို့ မရှိဘူးဆိုတဲ့ လူမျိုးအမည်ကို မဖြေကြတော့ဘူးဆိုရင် အဲ့ဒီအမည်က အလိုအလျောက်ပျောက်သွား မှာဖြစ်ပါတယ်။ ယခင်ရှိပြီးသားကို အခြေခံခဲ့တာဖြစ်လို့ ဘာမှ မဖြေရသေးဘဲနဲ့ အတည်မပြုရသေးဘဲနဲ့ ကျွန်တော်တို့သဘောနဲ့ ဒီအမည်တွေကို ဖြုတ်ပစ်လိုက်လို့ မရပါဘူး။ ကျွန်တော်တို့မှာ ကိုယ့်သဘောနဲ့ကိုယ်လုပ်နိုင်တဲ့ အခွင့်အာဏာလည်းမရှိပါဘူး။ ဖြေတဲ့သူရှိရင်ထည့်မယ်။ ဖြေတဲ့သူမရှိရင် အလိုလိုပျောက်သွားမှာပါ။

မေး။ ။ နောက်တစ်ခုမေးလိုတာက ဥပမာ-(က)လူမျိုးစုမှာ မျိုးနွယ်စုပေါင်း ၄၀ ပါရှိမယ်ဆိုပါစို့။ စာရင်းကောက်တဲ့အခါဖြေတဲ့သူအားလုံးက (က) လူမျိုးလို့ပဲ ဖြေလိုက်မယ်ဆိုရင် သူထဲမှာပါတဲ့ ကျန်မျိုးနွယ်စုတွေ မပါတော့ဘဲ (က)တစ်မျိုးတည်း ဖြစ်သွားမှာလား။ နောက်တစ်ခုက မျိုးနွယ်စုအမည်တွေချည်းပဲ ဖြေမယ်ဆိုရင် မူလလူမျိုး(က)ဆိုတာ ပျောက်သွားမှာလား ဆိုတာကို ရှင်းလင်းစွာသိလိုပါတယ်။

ဖြေ။ ။ (က)လူမျိုးလို့ပဲ အားလုံးဖြေမယ်ဆိုရင် အဲ့ဒီအတိုင်းပဲ မှတ်တမ်းတင်သွားမှာ ဖြစ်ပါတယ်။ (က)လူမျိုးထဲမှာပါတဲ့ ကိုယ့်မျိုးနွယ်စုကို ကိုယ့်ဆန္ဒအရဖော်ထုတ်ပြောကြားမယ်ဆိုရင် (က) လူမျိုးထဲက ကိုယ့်မျိုးနွယ်စု အရေအတွက်ကိုပါ သိနိုင်မှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ မူလ(က)လူမျိုးအရေအတွက်မှာလည်း တစ်ပါတည်း တိုးလိုက်တာဖြစ်လို့ မျိုးနွယ်စုတစ်ခုချင်းရဲ့ အရေအတွက်ကို သိနိုင်သလို အဲဒါတွေအားလုံးပေါင်းထားတဲ့ (က) လူမျိုးစုတစ်ခုလုံးရဲ့ အရေအတွက်ကိုလည်း သိနိုင်မှာ ဖြစ်ပါတယ်။ သင်္ချာသဘောလို့လည်း ပြောရမှာဖြစ်ပါတယ်။ လူမျိုးစုအရေအတွက် တစ်ခုတိုးတိုင်း ပင်မလူမျိုးမှာလည်း တစ်ခုတိုးသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပင်မလူမျိုးထဲမှာရှိတဲ့ လူမျိုးစုငယ်ကိုပဲဖြေရုံနဲ့ မူလပင်မလူမျိုး ပျောက်မသွားပါကြောင်း ဖြေကြားလိုပါတယ်။

မေး။ ။ လူမျိုးသင်္ကေတ ၁၃၅ မျိုးထဲမှာ မပါတဲ့သူတွေကို အခြားဆိုတဲ့ code ထဲမှာ ထည့်မယ်ဆိုရင် သူတို့အနေနဲ့ ဘာတွေကွာခြားနိုင်ပါသလဲခင်ဗျာ။

ဖြေ။ ။ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကို ဂဏန်းသင်္ကေတပေးတယ်ဆိုတာက ရှိပြီးသား၊ အတည်ပြုပြီးသားဖြစ်လို့ အဲဒီအမည်အတိုင်း ဝင်လာတဲ့ဟာဆိုရင် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်စက်နဲ့ဖတ်နိုင်အောင် ဂဏန်းသင်္ကေတပေးရတဲ့သဘောပါ။ အဲဒီ ၁၃၅ မျိုးထဲမှာမပါတဲ့ အမည်မျိုးကို စာရင်းကောက်တဲ့အခါကျမှ သိရမှာဖြစ်လို့ ဘယ်ဂဏန်းသင်္ကေတကို ကြိုပေးရမှာလဲ။ ကျွန်တော်တို့ကမသိဘဲ မည်ကဲ့သို့ ဂဏန်းသင်္ကေတပေးရမှာလဲ။ အဲဒီတော့ ၁၃၅မျိုးကလွဲပြီး ပြောသမျှအသစ်တွေကို "အခြား"

စာမျက်နှာ ၁၀ သို့

ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှု မင်းကင်းမြို့နယ်၌ဟောပြော

မင်းကင်း ဖေဖော်ဝါရီ ၈

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ မဟာမင်းကျောင်းတိုက်၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ဒေါက်တာ ဦးမေ၊ ဒေါက်တာ ခင်မေစု၊ ဒေါက်တာခင်မြတ်မွန်၊ ဒေါက်တာဘုန်းမြတ်စိုးနှင့် သူနာပြုဆရာမများက လူနာများဆေးကုသပေးခြင်း၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဦးမျိုးသန့်(မြန်မာစာ)၊ ဦးသန်းဇော်(အင်္ဂလိပ်စာ)၊ ဒေါ်ဆွေဆွေအုန်း(ဓာတုဗေဒ)၊ ဦးသိန်းထိုက်(ရူပဗေဒ)၊ ဦးအောင်စိုး (အထကပြ-ရန်ကင်း)၊ ဒေါ်မိမိခင် (အထကအုပ်-သင်္ချာ) တို့က မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ဘာသာရပ်ဆိုင်ရာအလိုက် ဟောပြောကြသည်။

ထို့နောက် မဟာမင်းကျောင်းတိုက်၌ စာပေပညာရှင်များဖြစ်သော ဒေါက်တာ သန်းဇော်နှင့် မောင်ဘုန်းပြည့်(တက္ကသိုလ်)တို့က ကိုယ်ကျင့်တရားနှင့် အသိဉာဏ်မြင့်တင်ရေးဆိုင်ရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။

ချင်းတွင်းသား(iprd)

ဖတ်ရှုလေ့လာ

ဖေဖော်ဝါရီ ၅ ရက်က တာမွေမြို့နယ် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ ပြင်ပလူနာဆောင်တွင် ထားရှိသော စာပေရေချမ်းစင်မှ စာအုပ်များကို ပြည်သူများ ဆေးဝါးကုသရင်း ဗဟုသုတရရှိစေရန် ဖတ်ရှုလေ့လာနေကြစဉ်။

လှလှ

✽ ရှေ့ဖုံးမှ

ထောက်လှမ်းရေးစာတွဲများအတွက် ဖက်ဒရယ်ကော်မရှင်နာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျိုဝါချင် ဂေါက်ခ်သည် ဗီယင်နာအခြေစိုက်လူမျိုးရေးခွဲခြားခြင်းနှင့် နိုင်ငံခြားသားဆန့်ကျင်မှုများ စိစစ်စောင့်ကြည့်ရေးဆိုင်ရာ ဥရောပသမဂ္ဂစိစစ်ရေးဌာန၏ စီမံခန့်ခွဲမှုဘုတ်အဖွဲ့တွင် ဂျာမန်အဖွဲ့ဝင်အဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဒီမိုကရေစီအရေးအတွက် မေ့လျော့မှုဆန့်ကျင်ခြင်းဟုခေါ်သော Gegen Vergessen-Fur Demokratie အဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာသည်။

၂၀၁၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ (၁၁)ဦးမြောက် သမ္မတအဖြစ် ပြည်ထောင်စုအထွေထွေညီလာခံက ရွေးချယ်ခဲ့သည်။

မစ္စတာ ဂျိုဝါချင် ဂေါက်ခ်သည် ၎င်း၏စွမ်းဆောင်မှုနှင့်ပတ်သက်ပြီး Theodor Heuss တံဆိပ်၊ Geschwister Scholl ဆု၊ Ludwig Borne ဆုနှင့် ဥရောပသမဂ္ဂလူ့အခွင့်အရေးဆုအပါအဝင် ဂုဏ်ပြုဆုတံဆိပ်များစွာ ရရှိခဲ့သည်။ ၎င်းသည် ရော့စတော့၊ ရေနာနှင့်အော့စဘတ်တက္ကသိုလ်များမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ရရှိခဲ့သည်။

မစ္စစ် ဒါနီလာ ရှတ်၏ ကိုယ်ရေးအကျဉ်း

မစ္စစ် ဒါနီလာ ရှတ်အား ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဟာနောင်း၌မွေးဖွားခဲ့သည်။ အဆင့်မြင့်ပညာဝင်ခွင့်စာမေးပွဲ (Abitur) ကို ၁၉၇၈ ခုနှစ်တွင် ဟာနောင်းရှိ ကားလ်ရေဘိုင်းကျောင်းမှ အောင်မြင်ခဲ့သည်။ ယင်းနောက်တွင် သူမသည် နိုင်ငံရေးသိပ္ပံ၊ ဂျာမန်ဘာသာရပ်နှင့်ပြင်သစ်စာပေတို့ကို မိန်းပြည်နယ် ဖရန့်ဖော့မြို့ရှိ ဂျိုဟန်ဝေါ့ဖတ်ဂိုသေးတက္ကသိုလ်တွင် လေ့လာခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ကို ၁၉၈၅ ခုနှစ်တွင် ရရှိခဲ့သည်။

၎င်းသည် ဟာနောင်းဝါ သတင်းဌာနတွင် အလုပ်သင်သတင်းထောက်အဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ၎င်းသည် နျူဘာ့ဂ်သတင်းစာ၏အလွတ်တန်းသတင်းထောက်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ အလုပ်သင်သတင်းထောက်လေ့ကျင့်သင်ကြားမှုအပြီး ၁၉၉၂ ခုနှစ်တွင် ယင်းသတင်းစာတိုက်၏ အယ်ဒီတာအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဂျိုဝါချင် ဂေါက်ခ်သမ္မတအဖြစ် ရွေးကောက်မခံရခင်အထိ ပြည်တွင်းနိုင်ငံရေးဌာန၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စစ် ရှတ်သည် ၂၀၀၀ ပြည့်နှစ်မှစ၍ ဂျိုဝါချင် ဂေါက်ခ်နှင့်အတူ နေထိုင်ခဲ့ပြီး သားသမီးမရှိပါ။

အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၁၂/၂-၃)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်း ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က သွားရောက်စစ်ဆေးရာ ရန်ကုန်မှ မန္တလေးသို့ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ချိုင်းရွာနေ စည်သူဝင်း (၂၄ နှစ်) မောင်းနှင်လာသော ၉၇/---"အရိန္ဒမာ" ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးတွင် ကာရံထားသော သံဆန်ခါများအား ဝင်ရောက်တိုက်မိကာ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ယာဉ်တိမ်းမှောက်မှု ကြောင့် ယာဉ်ပေါ်ပါခရီးသည် ၄၄ ဦးအနက် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ရွာသာအေးရွာနေ ဦးဒိုဒို (၇၀နှစ်)ပါ ခြောက်ဦးတွင် ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်၏ ရှေ့လေကာမှန်ကွဲ ဦးခေါင်းပိန်ချိုင့်၊ ဝဲဘက် ဘော်ဒီပိန်ချိုင့်၊ ဝဲပြတင်းမှန် ခြောက်ချပ်ကွဲ၊ ကရောင်းကြေမွခဲ့ပြီး တန်ဖိုးငွေကျပ်သိန်း ၃၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ စည်သူဝင်းကို ပန်းတင်အမြန်လမ်း ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကိုရဲ

တပ်ကုန်းမြို့၌ ဈေးရောင်းပွဲတော်ကျင်းပ

တပ်ကုန်း ဖေဖော်ဝါရီ ၈

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် Top Star Group မှ စုစည်းရောင်းချသည့် လူသုံးကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီမှစတင်၍ ဖေဖော်ဝါရီ ၁၀ ရက်အထိ ငါးရက်ကြာ မြို့နယ်သမအသင်းစုရုံးရှေ့၌ ကျင်းပရောင်းချကြောင်း သိရသည်။

(၄၁၇)

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် လုပ်ငန်းရှင်အသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့၏နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေ၊ MICT Park ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **(ယာပုံ)** မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းများကို ၁၉၉၈ ခုနှစ်တွင်စတင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကွန်ပျူတာအသင်းများကို ဖွဲ့စည်းပေးခဲ့ရာ ယနေ့ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့၏ နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ အစိုးရဌာနများ၏လုပ်ငန်းစဉ်များကို ပြည်သူများ အလွယ်တကူ နေရာမရွေး သိရှိနိုင်ရန် e-Yangon Portal အား တည်ဆောက်ပေးလျက်ရှိကြောင်း၊ e-Yangon အကောင်အထည် ဖော်ဆောင်မှု အောင်မြင်စေရေးတို့အတွက်

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အပြည့်အဝ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဒေါက်တာမျိုးနိုင်က ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဗီဒီယိုဖိုင်ဖြင့် တင်ပြပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်များ၏ တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၏ သုံးလပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေတင်ပြချက်များအပေါ် လိုအပ်ချက်များ မှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ပုသိမ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်နေ့ သီပေါမြို့၌ စည်ကားစွာကျင်းပ

သီပေါ ဖေဖော်ဝါရီ ၈

(၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကွင်းပြင်၌ ကျင်းပရာ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တိုင်းရင်းသားပြည်သူတို့က ရိုးရာယဉ်ကျေးမှု အိုးစည်ဗုံမောင်းအကအခုန်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် ရှမ်းပြည်နယ်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကာလိန်ဝမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ဟောပြောပွဲအခမ်းအနားကျင်းပရာ သဘာပတိရှမ်းအမျိုးသားကြီး ဦးစိုင်းဆိုင်က အဖွင့်အမှာစကားပြောကြား၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကိုလည်း

ကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးသိန်းလှိုင်က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၏ သဝဏ်လွှာကိုလည်းကောင်း ဖတ်ကြားကြပြီး ရှမ်းပြည်နယ်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကာလိန်ဝမ်းက ရှမ်းပြည်နယ်နေ့မှ အစပြု၍ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသူများအား ရှမ်းရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြပြီး ရှမ်းရိုးရာယဉ်ကျေးမှုအကများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြကြောင်း သိရသည်။

စိုင်း(သီပေါ)

▲ ကျောဖုံးမှ

ဆုချီးမြှင့်ပေးအပ်ကြပြီး တတိယဆုရ မိုးညှင်းဒီဂရီကောလိပ်မှ ထွန်းလင်းဦး၊ ဒုတိယဆုရ ကလေးတက္ကသိုလ်မှ သက်ဖြိုးဝေနှင့် ပထမဆုရ ရတနာပုံတက္ကသိုလ်မှ လမင်းတရာတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးသန်းစိုးမြင့်က ဆုများချီးမြှင့်သည်။

အကြီးတန်း ကာယဗလမောင်ပြိုင်ပွဲတွင်ဆဋ္ဌမဆုမှ စတုတ္ထဆုအထိ ဆုရကျောင်းသားများအား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ဆုများပေးအပ်ပြီး တတိယဆုရ ဗန်းမော်တက္ကသိုလ်မှ တူးနန်၊ ဒုတိယဆုရ လားရှိုးတက္ကသိုလ်မှ ရာဇာသန်းဝင်းနှင့်ပထမဆုရ လှိုင်ကော်တက္ကသိုလ်ရှားတော်တို့ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် အငယ်တန်း ကာယအလှမယ်ပြိုင်ပွဲတွင် ဒသမဆုမှစတုတ္ထဆုအထိ ဆုရကျောင်းသူတို့ကို တာဝန်ရှိသူတို့က ဆုများချီးမြှင့် ပေးအပ်ကြပြီး တတိယဆုရ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်မှ မနွေဦးခိုင်၊ ဒုတိယဆုရ မန္တလေးကောလိပ်မှ မထက်ထက်ဝေနှင့် ပထမကာယအလှမယ်ဆုရ မခင်ပြည့်စုံ (ရတနာပုံတက္ကသိုလ်)တို့အား မန္တလေးပညာရေးကောလိပ်မှ ဒေါ်ခင်မြသက်က ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အကြီးတန်းကာယအလှမယ်ပြိုင်ပွဲတွင် သတ္တမဆုရ လားရှိုးတက္ကသိုလ်မှ မနန်းသန်းသန်းထွေး၊ ဆဋ္ဌမဆုရ မိတ္ထီလာတက္ကသိုလ်မှ မဟန်နီဝင်း၊ ပဉ္စမဆုရ မြစ်ကြီးနားတက္ကသိုလ်မှ မမြင့်မြင့်တိုး၊ စတုတ္ထဆုရ မန္တလေးတက္ကသိုလ်မှ မမေသူသူခိုင်၊ တတိယဆုရ လှိုင်ကော်တက္ကသိုလ်မှ မထက်ထက်ကျော်၊ ဒုတိယဆုရစစ်ကိုင်းပညာရေးတက္ကသိုလ်မှ မစုနန္ဒာထွန်းနှင့် အကြီးတန်း ကာယအလှမယ်ပထမဆုရ မုံရွာစီးပွားရေးတက္ကသိုလ်မှ မအေးကျော့ဟန်တို့အား မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီက ဆုများချီးမြှင့်ပေးခဲ့သည်။

တင်မောင်(မန္တလေး)

ဆေးလိပ်မီးမှ မီးလောင်မှုဖြစ်ပွား

ပွင့်ဖြူ ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အင်းဒေါင်းကျေးရွာအုပ်စု ဘိုကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီ ၁၀ မိနစ်မှ ၃ နာရီခွဲအထိ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဦးမောင်မောင်သိန်း (၅၀နှစ်)သည် ဆေးလိပ်သောက်ပြီး အိပ်ရာဘေးတွင်ချ၍ အိပ်ပျော်သွားရာမှ ခေါင်းအုံးကိုမီးစွဲလောင်ခဲ့ခြင်းဖြစ်သည်။ ဖြစ်လျှင်ဖြစ်ချင်း ပွင့်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့မှ အချိန်မီ သွားရောက်မီးငြိမ်းသတ်နိုင်ခဲ့၍ ကိုင်းသက်ငယ်မိုး၊ ဝါးထရံကာ အိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ ဖြစ်စဉ်ကြောင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးမောင်မောင်သိန်းကို မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ငွေး(ပွင့်ဖြူ)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပပြီးစီး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင် ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက ဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းဆိုင်ရာများ တင်ပြရာ သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မာထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် အဖွဲ့ချုပ်နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီတာနှင့် ဥက္ကဋ္ဌ ဒေါ်မြမြတို့က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာသင်ဆုအတွက် ပညာသင်ထောက်ပံ့ငွေများကို အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ပေးအပ်ကြသည်။

ယနေ့နံနက် ၉ နာရီတွင် အစည်းအဝေးတတိယနေ့ကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်များ အကြမ်းဖက်ခံရခြင်းများကို အကာအကွယ်ပေးမှုလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက အတွေ့အကြုံများနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ရှေ့လုပ်ငန်းစဉ်များနှင့်ဆုံးဖြတ်ချက်များကို အတည်ပြုကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်မြမြက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါးဈေးပြောင်းရွှေ့ ဖွင့်လှစ်ထားရှိမှု စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးသည် ဖေဖော်ဝါရီ ၆ ရက် နံနက်က ဈေးရောင်းဈေးဝယ်ပြည်သူအများသွားလာမှု လွယ်ကူစေရေးအတွက် နေပြည်တော် ဒက္ခိဏသီရိမြို့ ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါးဈေးပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ကော်မတီဝင် ဦးစိုးရန်နိုင်၊ ဈေးများဌာန ခေတ္တဌာနမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဒုတိယ မြို့တော်ဝန်သည် ကုန်စိမ်း၊ ကုန်ခြောက်နှင့်သားငါးဈေးအတွင်း ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချနေသူများနှင့် တွေ့ဆုံ၍ နေပြည်တော် ဒက္ခိဏသီရိဈေးကြီးရှိ RC ဆိုင်ခန်းများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နေပြည်တော် ဒက္ခိဏသီရိဈေးကြီးတွင် RC ဆိုင်ခန်းပေါင်း ၂၄၄ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ပေးထားပြီး ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါးဈေးတွင် ကုန်စုံဆိုင်ခန်း ၄၃၂ ခန်းနှင့် သားငါးဆိုင်ခန်း ၇၂ ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်တိုက်ခန်း၌မီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် (၁၀၁) လမ်း တိုက်အမှတ်-၄၄ အာရ်စီနှစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏ ခြောက်လွှာ ညာဘက်အခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုသတင်းကို တာဝန်သိ ပြည်သူတစ်ဦး၏ ဖုန်းဖြင့် သတင်းပေးပို့ချက်ကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးသတ်တပ်ဖွဲ့မှ လက်ခံရရှိခဲ့သည်။ သတင်းရသည်နှင့် မီးငြိမ်းသတ်ရေးယာဉ် ၁၀စီး၊ ကွပ်ကဲမှုယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီးတို့ဖြင့် အချိန်နှင့်တစ်ပြေးညီ သွားရောက်ငြိမ်းသတ်ခဲ့ကြသည်။



သတင်း-တင်ဝင်းလေး
(ကြည့်မြင်တိုင်)
ဓာတ်ပုံ-အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး ၄ နာရီ ၅၇ မိနစ်တွင် အပြီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ရခြင်း အကြောင်းမှာ မီးအားမြှင့်စက် အပူလွန်ကဲပြီး မီးပွားများထွက်၍ မွေ့ရာပေါ်သို့ ကျရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှသိရသည်။

မီးလောင်မှုကြောင့် အိမ်ခန်းနှင့်အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ရသည်။ မီးလောင်မှုအား သန္တေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၇ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၇ ဦးတို့က ရေဂါလန်စုစုပေါင်း ၁၀၂၅၀ အသုံးပြုငြိမ်းသတ်ခဲ့ရသည်။ မီးကိုပေါ့ဆစွာ သုံးစွဲမှုကြောင့် အိမ်ရှင်ဒေါ်သောင်းရီ၏သားဖြစ်သူ လှိုင်မြင့် (၂၂ နှစ်) ကို မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

● *ရှေ့ဖုံးမှ*

ခရီးအားဖြင့် မိုင် ၄၀ နီးပါး ပြီးစီးနေပြီဖြစ်၍ ကသာ-ဗန်းမော်လမ်းပိုင်း လုံးဝပြီးစီးသွားပါက ခရီးသွားပြည်သူများ မြန်မာနိုင်ငံအထက်အောက် အစုန်အဆန် အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဒေသခံ ပြည်သူတစ်ဦးကလည်း "အခုလို မီးရထားလမ်းကြီးဖွင့်လိုက်တော့ သွားရေးလာရေးပိုပြီး မြန်ဆန်လာတာပေါ့ဗျာ။ ယခင်ခေတ်ကာလကတော့ ဧရာဝတီမြစ်ကြီးကိုပဲ အားကိုးရပြီး သင်္ဘော၊ မော်တော်များဖြင့် သွားလာနေကြရပြီး ယခုလိုရာသီချိန်တွင် ရေကြောင်းကျဉ်းပြီး သောင်တင်ခြင်းများ ကြုံရသဖြင့် ခရီးကြန့်ကြာမှုများကြုံခဲ့ရပါတယ်။ အခုလို မထင်မှတ်ဘဲ မီးရထားလမ်းကြီးဖောက်လိုက်တော့ ကျွန်တော်တို့ဒေသခံတွေ အိပ်မက်မက်သလို တောင်ခံစားရတယ်။ ဟုတ်မှဟုတ်ရဲ့လားလို့တောင် အောက်မေ့မိတယ်။ မီးရထားလမ်းပိုင်း ဖွင့်ပွဲကြီးနှင့်ကြုံတော့မှ တကယ်ပဲ တို့ဒေသက ပြည်သူတွေ မြန်မာပြည်အနှံ့ မီးရထားကြီးစီးပြီး သွားလို့ရပြီလို့ ကိုယ်တိုင်ခံစားရတော့မှ မပြောပြနိုင်အောင်ဝမ်းသာမိတယ်"ဟု ကျောက်ကြီးကျေးရွာ ဒေသခံပြည်သူ တစ်ဦး၏ရင်ဖွင့်သံကို ကြားသိခဲ့ရသည်။

အချိန်တို ကာလအတွင်း ကသာ-ဗန်းမော်မီးရထားလမ်းပိုင်းမှ တစ်စိတ်တစ်ဒေသခရီးစဉ်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သော နိုင်ငံတော်အစိုးရနှင့် ကသာ-ဗန်းမော်မီးရထားလမ်းစီမံကိန်းတာဝန်ခံနှင့် မီးရထားဝန်ထမ်းများ၊ အဘက်ဘက်မှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးနေသော ဒေသခံပြည်သူများကိုလည်း လွန်စွာလေးစားဂုဏ်ယူမိကြောင်း၊ မီးရထားစီးခရီးသည်တစ်ဦး၏ ရင်ဖွင့်စကားသံကိုလည်း အမှတ်မထင်ကြားသိခဲ့ရသည်။

ယခုဖွင့်လှစ်ခဲ့သော ကသာ-ကျောက်ကြီး မီးရထားလမ်းအရှည် မိုင် ၄၀ ခန့်ရှိကြောင်း သိရပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင်လည်း ကျောက်ကြီး-မြို့ကုန်း-စင်းခန်းသို့ တိုင်မီးရထားလမ်းပိုင်း ပြေးဆွဲနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ဖော်ပြပါ ကသာ-ဗန်းမော် မီးရထားလမ်းကြီး လုံးဝပြီးစီးသွားပါက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့သို့ နေ့စဉ် အစုန်အဆန်သွားလာနိုင်မည်ဖြစ်သဖြင့် ၎င်းလမ်းပိုင်းရှိ ပြည်နယ်ဒေသခံများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ချောမွေ့မှုကို ခံစားရတော့မည်ဖြစ်ကြောင်း တွေးတောရင်း. . . ။

လှအောင်(ကသာ)

နောက်ဆုံးရနိုင်ငံတကာသတင်း

တရုတ်အနောက်မြောက်ပိုင်း နှင်းမုန်တိုင်း ပြည်သူ ၁၃၀၀၀ ခန့် ဒုက္ခရောက်

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဆက်လက်ဖြစ်ပေါ်နေသော နှင်းမုန်တိုင်းများကြောင့် ဒေသတွင်းခြံမွေးတိရစ္ဆာန် ၃၀၀ ကျော် သေဆုံးပြီး ဒေသခံပြည်သူ ၁၃၀၀၀ ခန့် ဒုက္ခရောက်ခဲ့ရသည်ဟု ဒေသဆိုင်ရာအစိုးရက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

ဒေသ သို့မဟုတ် မြို့ကြီးခုနစ်မြို့တွင်ဖြစ်ပေါ်နေသော နှင်းမုန်တိုင်းများနှင့် ဆီးနှင်းများကျဆင်းမှုဒဏ်ကြောင့် နေအိမ် ၁၅၀ ခန့် ပြိုကျခဲ့ကာ အခြားအိမ်ခြေ ၄၆၃၀ ခန့် ပျက်စီးခဲ့ပြီး ပြည်သူ ၉၀၀ ခန့်ကို ဘေးကင်းရာ အရပ်သို့ ရွှေ့ပြောင်းစေခဲ့သည်ဟု စီရင်စုအုပ်ချုပ်ရေးအဖွဲ့မှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

နွေဦးပွဲတော် ရုံးပိတ်ရက်အတောအတွင်း၌ နေ့တိုင်းလိုလို ဆီးနှင်းများ ကျဆင်းလျက်ရှိရာ စုပုံနေသော ဆီးနှင်းများက နွားခြံနှင့် ယာဉ်များထားရှိသည့် ရုံကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

‖ ဆီးနှင်းကျဆင်းမှုမှာ ၁၁၉ နာရီခန့်ကြာ ဆက်လက်ဖြစ်ပေါ်ခဲ့သောကြောင့် ကျိုဇီဂိုမြို့တွင် ဆီးနှင်းအထူ နှစ်မီတာအထိ ရောက်ရှိခဲ့ ‖

ပြီးခဲ့သည့် ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်က ကမ္ဘာလှည့်ခရီးသွားစခန်းများဖြစ်သည့် ဆေရမ်နှင့် ကျိုဇီဂိုမြို့အကြားရှိ အဝေးပြေးလမ်းမတစ်လျှောက်၌ ဆီးနှင်းကျဆင်းမှု ၂၅ ကြိမ်ဖြစ်ပွားခဲ့ရာ လူရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဆီးနှင်းကျဆင်းမှုမှာ ၁၁၉ နာရီခန့်ကြာ ဆက်လက်ဖြစ်ပေါ်ခဲ့သောကြောင့် ကျိုဇီဂိုမြို့တွင် ဆီးနှင်းအထူ နှစ်မီတာအထိ ရောက်ရှိခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရှင်ကျန်းမိုးလေဝသနှင့် ဇလဗေဒဌာနမှ ခန့်မှန်းချက်အရ ဒေသ၏ မြောက်ပိုင်းတွင် ဆီးနှင်းကျဆင်းမှု ဆက်လက်ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားသည်။ **ဇလပ်ဖြူ**

နိုင်ငံအတွင်းမှီတင်းနေထိုင်မည့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အလေးအနက်ထားဆောင်ရွက်လျက်ရှိ

သံတောင် ဖေဖော်ဝါရီ ၈

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များသည် ဂေဘားတိုင်းရင်းသားလူမျိုးစုရေးရာ ကော်မတီ၏ ဖိတ်ကြားချက်အရ ယမန်နေ့က သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နယ်ခွဲ မြသာကုန်းကျေးရွာ၌ ကျင်းပသည့် ၂၀၁၄ သန်းခေါင်စာရင်းဆိုင်ရာ ဂေဘားလူမျိုးတို့၏ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ဂေဘားတိုင်းရင်းသားလူမျိုးစု ရေးရာ ကော်မတီဝင်များ၊ KNU ဒေသခေါင်းဆောင်များ၊ KUPC ခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူ ၇၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂေဘားလူမျိုးသမိုင်းကြောင်း အကျဉ်းတင်ပြခြင်း၊ ၂၀၁၄ သန်းခေါင်စာရင်းဆိုင်ရာ ဂေဘားလူမျိုးစုရေးရာ စာတမ်းတင်ပြခြင်းနှင့် အတည်ပြုခြင်း၊ ကိုယ်စားလှယ်များ၏ဂေဘားရေးရာနှင့်ပတ်သက်သော သဘောထားတင်ပြခြင်းတို့ဆောင်ရွက်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသည့် သဘောထားအမြင်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းဖော်ပြသည့်အတိုင်း "ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်သော နိုင်ငံတော်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေယဉ်ကျေးမှုများ ပြုစုပျိုးထောင်ခြင်း၊ တိုးတက်ဖွံ့ဖြိုးမှုအားနည်းသော တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေးတို့ကို ကူညီဆောင်ရွက်ခြင်း" တို့ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အလေးအနက်ထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးစာရင်းတွင် "ဂေဘား" လူမျိုးစုလည်းပါဝင်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်ပြီး ဒေသအကျိုး၊ နယ်မြေအကျိုး တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးများ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှု ပိုမိုဖြစ်ထွန်းစေရန် မလိုလားအပ်သော စည်းလုံးမှုကို ထိခိုက်စေသည့် လုပ်ငန်းများ မပေါ်စေရန် ထိန်းကျောင်းဆောင်ရွက်စေလိုကြောင်း၊ ယခုအစည်းအဝေး၌ ဂေဘားတိုင်းရင်းသားလူမျိုးစုများ၏ တင်ပြချက်၊ အဆိုပြုချက်၊ ဆုံးဖြတ်ချက်များကို လွှတ်တော်သို့ ဆက်လက်သယ်ဆောင် တင်ပြအစီရင်ခံသွားမည့်အကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းပညာရပ်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအေဂျင်စီ (KOSHA) တို့အကြား နှစ်နိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနည်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ Hotel Avenue 64 တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ကိုရီးယားသမ္မတနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအေဂျင်စီ (KOSHA) ဥက္ကဋ္ဌ Mr.BAEK Hun Ki နှင့် အထွေထွေအတွင်းရေးမှူး Mr.BAE Gye Wan တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် ကိုယ်စားလှယ်အဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်မှုများကို မြှင့်တင်ပေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ နှစ်ဦးနှစ်ဖက် ဆောင်ရွက်လိုသော အကြောင်းအရာပေါ် အခြေပြုလျက် သုတေသနလုပ်ငန်း အစီအစဉ်များ ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်သည့် နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်နှင့် အထောက်အကူပစ္စည်းများ ဖလှယ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုရီးယားလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး အေဂျင်စီအနေဖြင့် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် မြှင့်တင်ရေးဆိုင်ရာ အကြံပြုစာတမ်းတင်သွင်းခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေအပေါ် အကြံပြုချက်များပေးခြင်း၊ ကျွမ်းကျင်ပညာရှင်များကို မြန်မာနိုင်ငံသို့စေလွှတ်၍ စစ်ဆေးရေးအရာထမ်းများအား သင်တန်းပို့ချခြင်း၊ KOSHA မှ ဖွင့်လှစ်သည့် သင်တန်းသို့ တက်ရောက်စေခြင်း၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ တိုင်းတာရေးကိရိယာ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့ ကမာကသွယ်ရပ်ကွက်၌ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်က အိမ်ရှင်များ လျှပ်စစ်ရေနွေးအိုးတည်ပြီး အပြင်သို့သွားနေစဉ် အောက်ကြမ်းပြင်မှတစ်ဆင့် မီးစွဲ၍စတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ဗိုလ်ဥတ္တမ(၄)လမ်း အမှတ်-၈၅(က) အိမ်ပိုင်ရှင်ဦးဖိုးလူဝ၏ နေအိမ်၌ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီးအောက်ကြမ်းခင်းမှ စတင်မီးစွဲကာ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် နှစ်စီး၊ သန္ဓေမီးသတ် ခုနစ်ဦးနှင့် အတူ အရန်မီးသတ် ၄၅ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ပြီးနောက် ၄ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

"မီးစတင်လောင်ပြီး ငါးမိနစ်အကြာမှာ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနက သတင်းရရှိခဲ့ပါတယ်။ ရရချင်းပဲ ဒီမှာရှိတဲ့ မီးသတ်ကားနှစ်စီးနဲ့ မီးသတ်ဝန်ထမ်းခုနစ်ဦးတို့က သွားရောက်ငြိမ်းသတ်ခဲ့ပါတယ်။ ရပ်ကွက်ရဲ့ ဝိုင်းဝန်းကူညီမှုကြောင့်လည်း အခုလိုအမြန်ဆုံး ငြိမ်းသွားတာပါ။ အိမ်တွေကလည်း အလွန်စိပ်ပါတယ်။ ပြီးတော့ အဲဒီမီးလောင်တဲ့ လမ်းအထိမီးသတ်ကားက ဝင်လို့မရဘူး။ ဒီဘက်လမ်းကျယ်ကနေ ရှိသမျှမီးသတ်အင်အားကို အသုံးပြုပြီး ငြိမ်းသတ်ခဲ့ရပါတယ်" ဟု ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သူအောင်က ပြောကြားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပတ်ဝန်းကျင်ရှိ မသွယ်သွယ်ဝင်း၊ ဒေါ်ကျင်စမ်း(ခ)ဒေါ်အုန်းချိန်တို့၏ နေအိမ်များပါ မီးလောင်ခံခဲ့ရပြီး ၄င်းရပ်ကွက်နေ ဦးစိုးသိန်းနှင့် အရန်မီးသတ် တပ်ဖွဲ့မှ ဦးနန္ဒသူရတို့ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒလမှာက ရေရှားပါတယ်၊ တစ်ဦးတစ်ယောက်ရဲ့ ပေါ့ဆမှုကြောင့် ပတ်ဝန်းကျင်လည်း ထိခိုက်နစ်နာရတယ်။ ပြီးတော့ အခုလို တကယ်အရေးကြုံလာရင် ကွန်ကရစ်လမ်း ခင်းထားတာကလည်း ကျဉ်းတော့ မီးသတ်ကားလည်းဝင်လို့မရဘူး။ ဒါအဓိကတွေ့ရတဲ့ အခက်အခဲပဲ။ ရပ်ကွက်လမ်းဆိုပေမယ့် မီးသတ်ကားတော့ ဝင်လို့ရအောင် လုပ်ထားပေးသင့်တယ်"ဟု ဒလမြို့နေ ပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်မြတ်က ဆိုသည်။

မီးလောင်မှု ဖြစ်စဉ်ကြောင့် ကမာကသွယ်ရပ်ကွက် ဗိုလ်ဥတ္တမ (၄) အမှတ် ၈၅(က)နေ အိမ်ရှင် ဦးဖိုးလူဝအား သက်ဆိုင်ရာ ဒလမြို့နယ် ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

သတင်း - မောင်စိန်လွင်
ဓာတ်ပုံ - မင်းထက်

ပြည်တွင်းသတင်း

တူယှဉ်ကာတွဲ ချစ်ကြည်မြဲ

* ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
ဤရေ၊ ဤလေ၊ ဤမြေပေါ်တွင်
ပခုံးကိုဖက် လက်ချင်းယှက်လို့
ကာလမြားမြောင် နှစ်ပေါင်းကြာအောင်
စုစည်းတူတကွ နေထိုင်ကြစဉ်
အရင်းရှင်နယ်ချဲ့ ကိုလိုနီတို့
ဝင်ရောက်ဖဲ့ယူ "တို့နိုင်ငံ" ဟူသည်
သူ့ကျွန်ဘဝ ကျခဲ့ရပြီ။

* နှစ်လတွေကြာ ကျွန်သံသရာမှ
ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်စွမ်းကြောင့်
ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
စည်းလုံးညီညွတ် တော်လှန်မှုအပြီး
ပင်လုံမြို့အလှ စာချုပ်အရ
တို့ပြည်မဟာ ကမ္ဘာ့ရွာတွင်
ဦးခေါင်းကိုမော့ ရင်ကိုကော့လို့
"လွတ်လပ်နိုင်ငံ" ကြေညာနိုင်ပြီ။

* ပြည်ကြီးလွတ်လပ် ဖွားမည့်ရက်ကို
ပဋိသန္ဓေ စရှိလေသော
"တစ်ထောင့်ကိုးရာလေးဆယ့်ခုနစ်
ဖေဖော်ဝါရီတစ်ဆယ့်နှစ်" သည်
တိုင်းရင်းသားစုံ စည်းလုံးပုံပြ
သင်္ကေတမို့ မမေ့အပ်သည့်
နေ့မြတ်တစ်ခု ညီနောင်တို့၏
"ပြည်ထောင်စုနေ့"။

* ဘိုးဘေးတို့တည်ထောင် ဒီပြည်ထောင်ကို
ယနေ့မှသည် သားမြေးစဉ်ဆက်
နှလုံးထက်မှ "ပြည်ထောင်စုနေ့"
တို့မမေ့ဘဲ တူယှဉ်ကာတွဲ
စည်းလုံးနေမြဲ၊ ချစ်ကြည်မြဲဖြင့်
ကမ္ဘာတည်သမျှ နေထိုင်ကြမယ်။

* ဘယ်သူခွဲခွဲ တို့မကွဲဘဲ
ပြည်ထောင်စုဖွား တိုင်းရင်းသားတို့…။ ။

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-

ဖိုးပြုံးချို

ရှမ်းပြည်နယ်နေ့ နမ့်ခမ်းမြို့၌ စည်ကားစွာကျင်းပ

နမ့်ခမ်း ဖေဖော်ဝါရီ ၈

(၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့လယ်ဘုရားအနီးကွင်းပြင်(ပန်ပွဲ)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ရှမ်းပြည်နယ်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးက ရှမ်းပြည်နယ်နေ့နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက နိုင်ငံတော်သမ္မတ၏ ရှမ်းပြည်နယ်နေ့သဝဏ်လွှာကိုလည်းကောင်း၊ ရဲမှူးမောင်အေးက ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏သဝဏ်လွှာကို လည်းကောင်း ဖတ်ကြားပြီး ဟိုနောင်ရပ်ကွက်မှ ဒေါ်နန်းအေးမြက ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။ အခမ်းအနားအပြီးတွင် ရှမ်းတိုင်းရင်းသားရိုးရာ ဖော်ထုတ်ပွဲနှင့် ရိုးရာအကများဖြင့်တင်ဆက်ပြသကြသည်။

ရှမ်းပြည်နယ်နေ့ကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ ကျင်းပရာ စင်တင်တေးဂီတ၊ ရှမ်းရိုးရာ အဆိုအကများပါဝင်လျက် မူဆယ်၊ ပန်ဆိုင်း၊ တရုတ်နယ်စပ်ဒေသရှိ တိုင်းရင်းသားများ လာရောက်ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

ပြည်တွင်းသတင်း

ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

နေပြည်တော် ဖေဖော်ဝါရီ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၄) တိုင်းဒေသကြီး/ပြည်နယ် သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါဝန်ကြီးရုံး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် ကုန်သွယ်မှုမြှင့်တင်ရေးကို ကုန်သွယ်ဖက်နိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရုံးချုပ်ရှိဝန်ထမ်းများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဝန်ထမ်းများအားလုံး အခြေခံကျကျ သိရှိနားလည်ပြီး အသွင်သစ်၊ အမြင်သစ်များဖြင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူများအပေါ် စိတ်ရင်းစေတနာမှန်ဖြင့် ဆက်ဆံဆောင်ရွက်နိုင်ရေး၊ မိမိတို့ဝန်ကြီးဌာနမှ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရေး၊ စေတနာအရင်းခံဖြင့် ကြိုးပမ်းလုပ်ဆောင်သွားရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်ပြီး ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု မကွေးမြို့နယ်၌ ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းသစ်ဖွင့်

မကွေး ဖေဖော်ဝါရီ ၈

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် ကျစ်စုံပွေး-ဆူးကောက်စမ်းကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ကန်ပြား-နေပြည်တော်လမ်းနှင့်ကျစ်စုံပွေးကျေးရွာအဝင် မင်္ဂလာမုခ်ဦးနေရာ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း ၁၅၀၀ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ကျစ်စုံပွေး-ဆူးကောက်စမ်းကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းသစ်ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်း၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်တို့က မြေနီကျောက်စရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့်ဧည့်သည်တော်များသည် ကျစ်စုံပွေး-ဆူးကောက်စမ်း ကျေးရွာချင်းဆက်မြေနီကျောက်စရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။ ယနေ့ဖွင့်လှစ်သည့် ကျစ်စုံပွေ့-ဆူးကောက်စမ်းကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျပ်သန်း ၁၀၀၀ ရန်ပုံငွေမှ ငွေကျပ် ၁၅၇ ဒသမ ၇၁ သိန်းဖြင့် အကျယ် ၁၈ ပေ တစ်ကြောင်းထိုးမြေသားလမ်းငါးမိုင်ငါးဖာလုံနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေ ၁၈၂ ဒသမ ၉ သိန်းဖြင့် အကျယ် ၁၂ ပေ မြေနီကျောက်စရစ်သုံးမိုင်အရှည်ခင်းခြင်းလုပ်ငန်းတို့ကို စုစုပေါင်းကုန်ကျငွေကျပ် ၃၄၀ ဒသမ

၆၁ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလမ်းသည် နေပြည်တော်- ကန်ပြား- အမြန်လမ်းနှင့် မကွေး-တောင်တွင်းကြီး လမ်းကို ဖောက်လုပ် ဆက်သွယ်ထားခြင်းကြောင့် ခရီးမိုင် ၁၀ မိုင် သက်သာစေကြောင်း၊ လမ်းတစ်လျှောက်နှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၂ ရွာမှ အိမ်ခြေ ၄၃၉၀၊ လူဦးရေ ၁၇၉၆၈ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး(iprd)

စာမျက်နှာ ၆ မှ

ထဲမှာထည့်ပေးလိုက်ရင် ဘယ်လူမျိုးမှ မကျန်တော့ဘူးပေါ့။ အားလုံးပြီးတဲ့အခါ အသစ်ပေါ်လာတဲ့လူမျိုးတွေကို ဖော်ထုတ်ပြီး ပါဝင်ပတ်သက်သူအားလုံး စုံစုံညီညီနဲ့ ဘယ်အုပ်စုမှာ ထည့်မယ်၊ ဘယ်လိုလုပ်ရမည်ဆိုတာ ဆက်လက်ဆုံးဖြတ် အတည်ပြုရမယ့်ကိစ္စပါ။ ဘာအခွင့်အရေးမှ မဆုံးရှုံးပါဘူး။

မေး။ ။ မီဒီယာအချို့မှာ လူမျိုးမေးခွန်းမေးတဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ထိခိုက်တယ်လို့ ဝေဖန်မှုအနည်းငယ် ကြားရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ရော ရှင်းပြပေးနိုင်မလားခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံမှာ သန်းခေါင်စာရင်း မကောက်နိုင်တာ နှစ်ပေါင်း ၃၀ ကျော်ကြာပါပြီ။ ပဋိပက္ခနယ်မြေတွေမှာဆိုရင် ဒီထက်မက ပိုပြီးကြာပါတယ်။ နှစ် ၃၀ ကျော်ကြာမှ ပြန်လည်ကောက်ယူမယ့် ဒီအစီအမံမှာ အငြင်းပွားနေတဲ့ လူမျိုးစုအရေအတွက်ကို ချန်လှပ်ထားမယ်ဆိုရင် နောင် ၁၀နှစ်အထိ ဒီပုံစံအတိုင်းပဲရှိနေမှာဖြစ်ပြီး ဖြေရှင်းပေးရာမရောက်ဘဲ လျစ်လျူရှုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် လူမျိုးမေးခွန်းကို ချန်လှပ်မထားသင့်ဘူးလို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် အခု သန်းခေါင်စာရင်းလုပ်ငန်းဟာ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ လူ့အခွင့်အရေးအပေါ် အခြေခံပြီး လူဦးရေနဲ့ဖွဲ့စည်းမှုကို ဖော်ဆောင်တဲ့လုပ်ငန်းစဉ်လည်းဖြစ်ပါတယ်။

သန်းခေါင်စာရင်းကြောင့် လူဦးရေစုစုပေါင်းကို အသက်အရွယ်အလိုက်၊ ကျား၊ မ အလိုက်၊ ဒေသအလိုက် သိရှိဖော်ထုတ်နိုင်သလိုမည်သည့်လူမျိုးစုတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာကိုလည်း သိနိုင်မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မတူကွဲပြားခြားနားတဲ့ လူမျိုးစုတွေရဲ့ ဓလေ့စရိုက်တွေ၊ ယဉ်ကျေးမှုတွေကို အလေးထားဖြည့်ဆည်းပေးရာလည်း ရောက်စေနိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ မိမိလူမျိုးအမည်ကို ဆန္ဒအတိုင်း မှန်ကန်စွာ ပြောဆိုခွင့်ရရှိနေတာဖြစ်လို့ မိမိလူမျိုးစုများရဲ့ အမည်ကွဲပြားပေါင်းစပ်နေထိုင်မှုများကို သိရှိနိုင်သလို၊ လူမျိုးစုတစ်ခုလုံး၏အရေအတွက်၊ ၄င်းလူမျိုးစုအတွင်းရှိ လူမျိုးစုအလိုက် သီးခြားအရေအတွက်တို့ကိုပါ သိရှိနိုင်ပြီး တစ်ဦးချင်းအပေါ် အလေးထားဆောင်ရွက်လာနိုင်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွေကို ပိုမိုဖြစ်ထွန်းစေနိုင်မယ်လို့ပဲ ကျွန်တော်တို့အနေနဲ့ ရိုးသားစွာယုံကြည်မိပါတယ်ခင်ဗျာ။

အခုလို ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

"မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မည်" ဟူသည့် ဒီပဲယင်း ဝန်ထောက်ဦးမြ၏ ဆောင်ပုဒ်စကားကို ကြားဖူးကြလိမ့်မည်ထင်ပါသည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ယဉ်ကျေးမှု တိမ်ကောပပျောက်မည့် အန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးနိုင်မည့် အဓိပ္ပာယ်လေးနက်ပြည့်စုံမှန်ကန်သည့် သတိပေးတပ်လှန့်စကားပင်ဖြစ်သည်။ ထိုသို့ကြိုတင်ကာကွယ်နိုင်ရန် မိမိတို့နိုင်ငံ၏အတွင်းအားသို့မဟုတ် ပြည့်အင်အားကို ဦးစွာပထမ သိရှိရန်လိုအပ်မည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ကြစေလိုပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး(အရှေ့)တောင်ငူမြို့၊ မင်းကျီးညို(၂၂)ရပ်ကွက်၊ လက်ျာကျော်ထင်လမ်း၊ မြေကွက်အမှတ် ၅၄၆၊ ကြည်း/၁၂၃၃၂ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)ပိုင်ဆိုင်သောမြေပေးအမိန့်ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားလိုပါသဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကြည်း/၁၂၃၃၂ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၅၅၅၆၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၉၊ မြေကွက်အမှတ် ၂၀၅၊ ပေ (၄၁×၆၀) အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်ကို ပိုင်ထားသူ ဦးတင်ရွှေ ၁၂/ပဘတ(နိုင်)၀၂၅၄၇၃ထံမှ ဒေါ်မြမြသန်းက ဝယ်ယူရန် စရန်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို အပြီးဆောင်ရွက်မည်။

ဒေါ်မြမြသန်း ၁၂/စခန(နိုင်)၀၃၇၀၇၇

ဖုန်း-၀၁-၅၀၃၃၉၄၊ ၀၉-၅၁၂၃၉၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ ဦးဆောင်ကျင်းပသော
ASEAN Animation Contest 2014
ပြိုင်ပွဲဝင်ရွေးချယ်မည့်အစီအစဉ်ကြေညာခြင်း

၁။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ဦးဆောင်၍ကျင်းပသော ASEAN Animation Contest 2014 ပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲဝင် ရွေးချယ်ခြင်းကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသော Animation ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား/သူများနှင့် အပျော်တမ်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(က) **ပြိုင်ပွဲဝင်ခေါင်းစဉ်** - "ASEAN Copyright Awareness"

(ခ) **ပြိုင်ပွဲအမျိုးအမည်** - Animation

(ဂ) **ပြိုင်ပွဲဝင်အမည်စာရင်းနှင့် ပြိုင်ပွဲဝင်မည့် Animation တင်သွင်းနိုင်မည့်ရက်** - ၁၇-၂-၂၀၁၄ ရက်မှ ၂၅-၂-၂၀၁၄ ရက်ထိ

(ဃ) **ရွေးချယ်ခံရသူစာရင်း ထုတ်ပြန်ကြေညာမည့်ရက်** - ၁-၃-၂၀၁၄ရက်

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက https://www.facebook.com/ip.myanmar တွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၅၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၂၁၊ မြေကွက်အမှတ် ၆၄၇ အမည်ပေါက် ဒေါ်လှအေး ၁၂/စခန(နိုင်)၀၁၁၆၄၃ က မြေချပါမစ်မိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၈၃၊ မြေကွက်တည်နေရာအမှတ် ၈၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အေယူအာမက် အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် အေယူအာမက်(ဖခင်)နှင့် ဒေါ်ရီ(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဒေါ်ခင်မာလွင် ၁၂/သဃက(နိုင်)၁၃၁၈၅၄၊ (၂)ဒေါ်ခင်မျိုးဝင်း ၁၂/သဃက(နိုင်)၁၃၁၈၅၅၊ (၃)ဒေါ်တင်တင်ဝင်း ၁၂/သဃက(နိုင်)၁၃၁၆၀၃၊ (၄)ဦးစိုးလွင် ၁၂/သဃက(နိုင်)၁၂၅၉၉၃၊ (၅)ဦးအောင်နိုင် ၁၂/သဃက(နိုင်)၁၃၁၈၅၆၊ (၆)ဒေါ်စိုးစိုးဝင်း ၁၂/သဃက(နိုင်)၁၃၁၈၅၇၊ (၇)ဒေါ်နီနီဝင်း ၁၂/သဃက(နိုင်)၁၂၃၇၇၁၊ (၈)ဦးကျော်အေး ၁၂/စခန(နိုင်)၀၄၈၁၄၇ တို့က သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဥပဒေအရာရှိများ အင်္ဂလိပ်စာ ကျွမ်းကျင်ရေးအတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပံ့ပိုးကူညီပေးရန်ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ Senior Justice and Security Adviser ဖြစ်သူ Ms.Janice Drewe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဗြိတိသျှကောင်စီမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများ အင်္ဂလိပ်စာကျွမ်းကျင်ရေးအတွက် သင်တန်းများပေးလိုမှု၊ သင်တန်းပို့ချသူ ဆရာများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများအား ဗြိတိသျှကောင်စီအစီအစဉ်ဖြင့် ပံ့ပိုးကူညီပေးလိုမှုနှင့် နှစ်ဖက်ဥပဒေရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရန် ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရန်အတွက် နေပြည်တော် လဟာပြင်ကဇာတ်ရုံ၌ ဇာတ်တိုက်လေ့ကျင့်လျက်ရှိသည့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် သွားရောက်တွေ့ဆုံအားပေးသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ အုပ်ချုပ်သူများနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များကို အမှတ်တရအဖြစ် မှတ်စုစာအုပ်များ၊ ဘောပင်များနှင့်လက်ဆွဲအိတ်များ မေတ္တာလက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သူ ၃၃၈ ဦးသို့ ဆောင်းသီးနှံစိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးပေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ် သမဝါယမဦးစီးဌာန မြစ်ကြီးနားမြို့၏ ကြီးကြပ်မှုဖြင့် တရုတ်နိုင်ငံ (EXIM Bank) မှ ချေးငွေ ၂၈၇ ဒသမ ၇ သိန်း ပေးအပ်ပွဲကို ဇန်နဝါရီနောက်ဆုံးပတ်က ကျင်းပခဲ့ပြီး ဗန်းမော်မြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစုမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ထမ်းများက ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ရွှေကျေးနားရွာ၊ တာပိန်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းရှိ အသင်းသား တောင်သူ ၁၄၀ ကို ချေးငွေ ၁၁၉ သိန်း၊ မြနန်းစံလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ နမ့်ဖားကျေးရွာရှိ အသင်းသားတောင်သူ ၄၅ ဦးအား ချေးငွေ ၄၂ ဒသမ ၂၀ သိန်းကို ဖေဖော်ဝါရီ ၁ ရက်တွင် လည်းကောင်း၊ မအူပင်ကျေးရွာ စန္ဒာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၄၉ ဦးအား ချေးငွေ ၂၈ ဒသမ ၁၀ သိန်းကို လည်းကောင်း၊ မန်ရေးကျေးရွာ မြတာပိန်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၆၇ ဦးအား ချေးငွေ ၆၃ ဒသမ ၄၀ သိန်းကို ဖေဖော်ဝါရီ ၂ ရက်တွင် လည်းကောင်း၊ စင့်ကင်ကျေးရွာ ဟေမွန်လယ်ယာနှင့် အထွေထွေ စီးပွားရေးအသင်းမှ အသင်းသား တောင်သူ ၃၇ ဦးအား ချေးငွေ ၃၅ ဒသမ ၀၀ သိန်းကို ဖေဖော်ဝါရီ ၃ ရက်တွင် လည်းကောင်း ထုတ်ချေးပေးခဲ့သည်။

အဆိုပါချေးငွေများကို ဆောင်းသီးနှံစိုက်ပျိုးရေးစရိတ် အတွက် တောင်သူ စုစုပေါင်း ၃၃၈ ဦးအား လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း၊ ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေးစီမံချက်အရ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဥသျှစ်ပင်မြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ဥသျှစ်ပင် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် ဖေဖော်ဝါရီ ၆ ရက်က လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသူရိန်သန်းနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်တို့က ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဗို့အားပြည့်မီရေး၊ Unit Loss ကျဆင်းရေး၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဟောင်းနွမ်းဆွေးမြည့် ဝိုင်ယာကြိုးများကို ဂိတ်ပြည့် ဝိုင်ယာကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်း၊ ထရန်စဖော်မာများ ဝန်အားညှိခြင်းတို့ကို လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျွမ်းကျင် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၀၅)

မိုးညှင်းဇောတိရှမ်း စုပေါင်းရှင်ပြုပွဲဇာတ်ရုံမီးလောင်

မိုးညှင်း ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဇောတိရှမ်း အကြိမ်(၂၀)မြောက် စုပေါင်းရှင်ပြုပွဲကျင်းပသည့် နတ်ကြီးကုန်း(ရှမ်းပိုင်း)ပွဲတော်ဝင်းအတွင်းရှိ ကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကလေးများ ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားသည်နှင့် မိုးညှင်းမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သဖြင့် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြီးကြပ်ပြီး သက်ဆိုင်ရာ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များကို တွေ့ဆုံကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

“ကန့်ကွက်နိုင်ပါသည်”

[illegible]

[illegible]

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ် ၃၀၈၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အလျားပေ ၅၀×အနံ ၂၅ပေ၊ အမြင့် ၉ပေရှိသော တိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တိုက်ခန်းပိုင်ရှင် ဒေါ်ဖြူဖြူဝင်း ၁၂/သဃက(နိုင်)၀၉၅၂၀၅ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၂၈/၂၀၁၁ဖြင့် ပြန်လည်ဝယ်ယူသူ ဒေါ်ခင်မမစိုး ၁၂/သဃက(နိုင်)၀၀၁၉၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီဝင်း ၁၂/ဥကတ(နိုင်)၀၇၇၀၉၂မှ အထက်ဖော်ပြပါ ဝယ်ယူသည့် တိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံတွင် ဤကြေညာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ရီရီဝင်း
၁၂/ဥကတ(နိုင်)၀၇၇၀၉၂

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာအောင် (စဉ်-၈၁၅၂)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၈၄/က)
တကောင်း ၅လမ်း၊
(၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊

ဒေါ်သန္တာဦး (စဉ်-၃၁၈၆၂)
အထက်တန်းရှေ့နေ
အမှတ်(၈၄/က)၊
တကောင်း ၅လမ်း၊
(၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၇၃၁၇၅၆၁၅၊ ၀၁-၈၅၀၀၂၉၅၊ ၀၉-၉၁၀၁၈၄၀၉၊ ၀၉-၂၅၆၂၉၆၂၅၆၊ ၀၉-၃၁၃၁၄၉၄၆
ဒေါ်စန္ဒီအေး (စဉ်-၄၀၉၄၈)
(အထက်တန်းရှေ့နေ)

ပျောက်ဆုံးကြောင်း

ကျွန်မ မစုလှိုင်ဖြိုး ၁၂/လမန(နိုင်)၁၅၂၄၃၄ ကိုင်ဆောင်သူသည် ပတ်စပို့စာအုပ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၁၇၄၄

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ် ၁၈ (လေးလွှာ) (ခေါင်းရင်းခန်း)ဟုခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဒေါ်သင်းသင်းနွယ် ၁၄/ရကန(နိုင်)၀၅၈၂၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၇၂၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

အသက်သည်သေး

ပြည်တွင်းသတင်း

ပြည်ပရင်းနှီးမြှုပ်နှံမှု လာမည့်နှစ်တွင် ဒေါ်လာ ငါးဘီလီယံခန့်အထိ ရှိလာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

"မြန်မာနိုင်ငံရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုဟာ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ လေးဘီလီယံနဲ့ ငါးဘီလီယံအထိ ရောက်ရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။ အခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်အထိဆိုရင်တော့ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်ရှိမှာ ဖြစ်ပါတယ်" ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

စိတ်ဝင်စားမှုများပြား

မြန်မာနိုင်ငံသို့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပြည်ပမှဝင်ရောက်လာမှု တဖြည်းဖြည်း တိုးတက်လာရန် တာဝန်ရှိသူများက ကြိုးစားနေရာ အာရှနှင့် ဥရောပနိုင်ငံများ၊ အနောက်နိုင်ငံများက စိတ်ဝင်စားမှုများပြားလျက်ရှိသည်။ လောလောဆယ်တွင် မြန်မာနိုင်ငံ၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးကဏ္ဍမှာ စက်မှုကဏ္ဍတွင် ၇၀ ရာခိုင်နှုန်းဖြစ်ပြီး ဒုတိယအများဆုံးမှာ ဟိုတယ်လုပ်ငန်းဖြစ်သည်။

" မြန်မာနိုင်ငံရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ နောက်ပိုင်းဆိုရင် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းကများလာမယ့် အနေအထားရှိတယ်။ လာမယ့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလမှာ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများ လာဖို့ရှိနေပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာနိုင်ငံတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ၌ အဝတ်အထည်လုပ်ငန်း၊ မော်တော်ကားစက်ရုံများ တည်ဆောက်ရေးနှင့် စားသောက်ကုန်လုပ်ငန်းများတွင် ပြည်ပကုမ္ပဏီများ ခွင့်ပြုပေးလျက်ရှိရာ မကြာမီကပင် နစ်ဆန်းနှင့် ဆူဇူကီးစက်ရုံများကို ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ သို့သော် လောလောဆယ်တွင် အဝတ်အထည်လုပ်ငန်းများ အများဆုံးရင်းနှီးမြှုပ်နှံမှုများ လာရောက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်လာမည့် နိုင်ငံများတွင် ဂျပန်နိုင်ငံက အများဆုံးဖြစ်လာနိုင်ပြီး တောင်ကိုရီးယားက ဒုတိယနေရာ၌ရှိနိုင်သည့်အပြင် တတိယနေရာတွင် ထိုင်းနိုင်ငံဖြစ်လာနိုင်သည်ဟု သုံးသပ်ထားသည်။

အီးယူနိုင်ငံများအနေဖြင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုကို တဖြည်းဖြည်း ဝင်ရောက်လာရန် ရှိနေသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှု၌ ထိပ်တန်း ၁၀ နိုင်ငံတွင် ပါရှိနိုင်မည်မဟုတ်ချေ။ အီးယူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားနေပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ နိုင်ငံရေးတည်ငြိမ်မှုက အချက်တစ်ချက်အနေဖြင့် ပါရှိသော်လည်း အလုပ်သမား၊ အခြေခံအဆောက်အအုံ၊ ဓာတ်အားသုံးစွဲနိုင်မှုစသည့် အချက်များအပေါ်တွင်လည်း အလေးထားသုံးသပ်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာရန်ရှိနေပြီ ဖြစ်သည်။

ခန့်မှန်း

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်လာမှု၊ စီးပွားရေးလုပ်ငန်းများ အရှိန်ယူဖြစ်ထွန်းလာမှုတို့ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၇ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာ မူလမျှော်မှန်းထားသည့် ၆ ဒသမ ၂၅ ရာခိုင်နှုန်းထက် ပိုမိုမြင့်တက်ခဲ့သည်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ မကြာမီအချိန်ကာလအတွင်း အီးယူမှလည်း ဝင်ရောက်လာမည့်အခြေအနေကောင်းများလည်း ရှိနေပြီဖြစ်သည်။

မောင်မောင်မြင့်ဆွေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၆၆၀၀၀	
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၂၆၈၀၀	

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၃-၉၉၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၇-၁၃၄၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၇၉-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၆၂-၁၆. ၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၇-၃၂၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၂၀၀-၅၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၅၇၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၅၀၀-၁၆၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၅၇၀၀-၁၂၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၈၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၃၈
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၆၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၅၀၀-၂၅၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၅၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀-၇၃၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၃၀၀-၄၅၀၀
၁၂။ သကြား	တစ်ပိဿာ	၈၇၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ငါးလုံးပြူးတစ်လက်၊ ကျည် ၁၂ တောင့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ဖမ်းမိ

မော်လမြိုင် ဖေဖော်ဝါရီ ၈

နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ချမှတ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အား ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်ညွှန်ကြားမှုဖြင့် ကျိုက်မရောမြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးညွန့် ဦးဆောင်သောအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီမှစ၍ ကော့ပနော ကျေးရွာအုပ်စု ကော့ဒွန်းကျေးရွာ ရွာလယ်လမ်းမတွင် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ကော့ဝမ်းရွာနေ ဝင်းနိုင်(၃၉ နှစ်) မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ WY ပန်းရောင်ဆေးပြားအလုံး ၁၀၀ တန်ဖိုးခြောက်သိန်း၊ MOD-361 စာတန်းပါ ငါးလုံးပြူးတစ်လက်၊ ကျည် ၁၂ တောင့်၊ မြန်မာငွေကျပ် ၅၅၀၀၀ တို့ကို ဖမ်းဆီးရမိသဖြင့် **(အောက်ပုံ)** မြို့မရဲစခန်းကလည်းကောင်း၊ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချရာတွင် လက်နက်ခဲယမ်းများ ကိုင်တွယ်ပြစ်မှုကျူးလွန်သူ ဝင်းနိုင်ကို ကျိုက်မရောမြို့မရဲစခန်းက လက်နက်ဥပဒေ ပုဒ်မအရလည်းကောင်း ဆက်လက်အရေးယူထားကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ညောင်ပင်ဆိပ်ကျေးရွာ ကရင်ပြည်နယ် ဘားအံ-မော်လမြိုင်သွား ကားလမ်းတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးရာ ဘားအံမှ မော်လမြိုင်ဘက်သို့ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/. . . ဖြင့် အနက်ရောင်ဂျာကင်ဝတ်ဆင်ထားသည့် စိုးငြိမ်းထွန်း(ခ) အကူး(၃၃ နှစ်)ထံမှ WY ပန်းရောင်ဆေးပြား ခြောက်ပြား၊ သုံးလက်မခွဲခန့်ရှိ ဝါးပိုက်လုံးအသေးတစ်ခု၊ Red Ruby စာတန်းပါ ဆေးလိပ်ဘူးခွံတစ်ခု၊ ငွေကျပ် ၁၈၀၀၀ တို့ကို ဖမ်းဆီးရမိသည်။

ဖမ်းဆီးခံရသူ၏ ထွက်ဆိုချက်အရ ကရင်ပြည်နယ် တောကြီးကျေးရွာ ဖအောင်/ကော့ကျိုက်ကျေးရွာအုပ်စုနေ စောကျော်အောင်(၂၀ နှစ်)နေအိမ်အား ဆက်လက် ရှာဖွေစစ်ဆေးရာ နေအိမ်အောက်ထပ်ရှိ စောကျော်အောင်၏အိပ်ခန်းအတွင်း နီမည်းရောင်ဝါးဖာအသေး (ဝါးပလိုင်း) အတွင်းမှ ကော်ဘူးအဖြူအသေးဖြင့်ထည့်ထားသော အနီရောင်အချိုရည်ပိုက်အပိုင်းအစများအတွင်း၌ ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများဟု ယူဆရသော ဆေးပြား ၉၆ ပြား၊ အနက်ရောင် သားရေပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၃၈၅၀၀၊ အနီ/အပြာရောင် အချိုရည်သောက်ပိုက် ၂၈ ချောင်း၊ အမေရိကန်နိုင်ငံလုပ် အမှတ်(၉၁) လက်ပစ်ဗုံးအကြီးတစ်လုံးနှင့် အခြားမူးယစ်ဆေးဝါး ရောင်းချသည့်နေရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို ဖမ်းဆီးရမိသည်။

အမှုကို ကရင်ပြည်နယ် ဇာသပြင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ထို့အပြင် သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်နယ်မြေရဲစခန်း စခန်းမှူး ဒုတိယရဲမှူး စိုးအောင်၏ စီစဉ်ညွှန်ကြားချက်အရ ဒုတိယရဲအုပ်ကျော်ဆန်းနှင့်အဖွဲ့သည် ဇန်နဝါရီလ ပထမပတ်အတွင်း သံဖြူဇရပ်မြို့ စက်သစ်ရပ်နေ ကျော်စိုးမိုး(ခ) သားကြီး(၂၅ နှစ်)၏ အိမ်အဝင်လမ်းဆုံတွင် ရှောင်တခင်စစ်ဆေးရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားငါးပြား၊ တန်ဖိုး ၃၀၀၀၀ ကိုဖမ်းဆီးမိ၍ သံဖြူဇရပ်ရဲစခန်းက မူးယစ်ဆေးဝါးပုဒ်မအရ အမှုဖွင့်အရေးယူထားသည်။

ကျော်သန်း(မော်လမြိုင်)

မန္တလေးတွင် ပြည်တွင်းပြည်ပ အလုပ်အကိုင်ပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်တွင်းလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် 2014 Career Fair Mandalay အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေပွဲ (၂၀၁၄)ကို မန္တလေးမြို့ မြို့တော်ခန်းမတွင် ကျင်းပကြောင်း သိရသည်။

အလုပ်အကိုင်ရှာဖွေပွဲတွင် အလုပ်အကိုင်ရှာဖွေလိုသူ လူငယ်၊ လူရွယ်များအား အရည်အချင်းပြည့်မီသော ဝန်ထမ်းကောင်းများ ရှာဖွေလိုသောကုမ္ပဏီများနှင့်တွေ့ဆုံပေးရန်နှင့် လုပ်ငန်းရှင်များ ဝန်ထမ်းကောင်းများ အလွယ်တကူရရှိခန့်ထားနိုင်ရန် ရည်ရွယ်၍ စီစဉ်ဆောင်ရွက်သောပွဲဖြစ်သည်။

ပြည်တွင်းပြည်ပမှ ဝန်ထမ်းရှာဖွေသော ကုမ္ပဏီများကို ဖိတ်ခေါ်ပြီး အထက်မြန်မာပြည် မန္တလေးမြို့တွင် အလုပ်အကိုင်ရှာဖွေနေသူများနှင့် တွေ့ဆုံအင်တာဗျူးခြင်းဖြင့် ချက်ချင်းအလုပ်ခန့်ထားနိုင်ရန် စီစဉ်ထားသောပွဲဖြစ်သည်။

အလုပ်သမားရှာဖွေလိုသော ကုမ္ပဏီများအနေဖြင့် Noteboard များတွင် Company Profile သို့မဟုတ် ကုမ္ပဏီအနေဖြင့် ပေးချင်သော Message များကို A3 Size တစ်မျက်နှာအပြည့်ဖြင့် မိမိတို့ ခန့်ထားလိုသောဝန်ထမ်းများ၊ ရာထူးအမျိုးအစားများ၊ အလုပ်တာဝန် ကျားမစသည့် အချက်များကို ဖော်ပြနိုင်သည်။

အလုပ်အကိုင်အခွင့်အလမ်းပြပွဲကြီးတွင် လုပ်သားခေါ်ယူလိုသော ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် မိမိခေါ်ယူလိုသော ရာထူးဌာနအလိုက် လိုအပ်ချက်များကို ဖော်ပြထားမည်ဖြစ်ပြီး အလုပ်လျှောက်ထားလာသူများကို တစ်နေ့လျှင် နှစ်ကြိမ်ခန့် အင်တာဗျူးကို ယင်းပွဲကျင်းပနေစဉ်ရက်အတွင်း လုပ်ဆောင်ပေးမည်ဖြစ်သည်။

(မြန်မာ့အလင်း)

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီး ဖေယျကျော်ထင်ခင်အောင်မြင့် ကာကွယ်ရေးဦးစီးချုပ်(လေ)-ဒေါ်အေးအေးသန်း
တို့၏ သားလတ်

မောင်အေးချမ်းအောင် B.Sc(Maths:)
(A5 Purified Drinking Water)

နှင့်

ပဲခူးမြို့နေ
ဗိုလ်မှူးကြီးသက်ထွန်း(ဝန်ကြီး-ပဲခူးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်စန်းစန်းညွန့်
တို့၏ သမီးကြီး

မဖြူသီဟန် LL.B

တို့၏ ၈-၂-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲအခမ်းအနား၌ စုလျားရစ်ပတ်ပေးပါသော ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီဦးညဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သီရိပျံချီဆန်းဦးနှင့် ဇနီး ဒေါ်ကြူကြူစိုး၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ(၁)ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှန်၊ ဒုတိယသမ္မတ(၂) ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးသရေစည်သူ လှဌေးဝင်း၏ဇနီး ဒေါ်မာမာဝေ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဘိသေကသွန်းလောင်းပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော စိုးမင်္ဂလာတေးဂီတအဖွဲ့၊ အခါတော်ပေးသီကျူးပေးသော တေးသံရှင်ဒေါ်နှင်းရီသန့်၊ သတို့သားအရံများဖြစ်ကြသော မောင်ဖွဲ့မာန်နှင့်မောင်ဖွဲ့ဦးမာန်၊ သတို့သမီးအရံများဖြစ်ကြသော မနွယ်နီအောင်နှင့် မကြည်ဖြူအေးချမ်း၊ မင်္ဂလာပန်းကြဲမဟန်နီထွန်းနှင့် မဆုလဲ့ရှိန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးသော မအေးငြိမ်းမိုးနှင့် မနန္ဒာခိုင်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီနှင့်အဖွဲ့၊ မြဝတီရုပ်မြင်သံကြားအဖွဲ့၊ အခမ်းအနားနှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ဧည့်ခံပေးသော ကန်တော်ကြီးပဲလေ့စ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာခန်းမပန်းအလှဆင်နှင့် ဘိသေကခုံများပြင်ဆင်ပေးပါသော Eternal မှ မနီလာနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးပါသော ကိုပြည့်စိုးအောင်၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးသော သဇင်ရတနာဆိုင် (ဗိုလ်ချုပ်ဈေး)မှ မမြင့်မြင့်နှင့်မတင့်တင့်၊ LED Display များဖြင့် Multi Media Presentation ကူညီပေးပါသော Lucky Bird နှင့် နည်းပညာအကူအညီပေးသော Zarni LED အဖွဲ့တို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့်ဆင်မြန်းပေးပါသော မန္တလေးရွှေနဂါးဖိနပ်၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၂၀)မှ ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ၊ တပ်မတော်(လေ)မှ မိသားစုများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြပါသော မိတ်သင်္ဂဟအပေါင်းနှင့် မင်္ဂလာပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့်ဇနီး၊ အရာရှိ/စစ်သည် မိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အေးချမ်းအောင်-မဖြူသီဟန်



ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၁၇၊ မြေကွက်တည်နေရာခြံအမှတ် ၁၇၊ ဈ/မြောက်ရပ်ကွက်၊ရွာလယ်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် မသဲနှစ် အမည်ပေါက်ဘီမြေအား သဃ်္ဃန်းကျွန်းမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၄၇၆/၂၀၁၂ စီရင်ချက် ဒီကရီ၊ ဇာရီမှုအမှတ် ၅၀/၂၀၁၃ တို့ တင်ပြပြီး ဘိလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူမှ ၃(က) ဝန်ခံချက်လက်မှတ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

Happy 40th Anniversary

Phay Saw and May Seinn

9.2.1974 ~ 9.2.2014

It began long ago
Although not seems like so

With expectation which is love
Real life that is not enough.

You face many constraints
And made lots of complaints

Full of debate and rare agree
But cooperate and never free

String of love is so strong
Attachment between us as bond
Already forty years Now......

With lots of love
Mie Chit

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲတွေလာပြီ

မိုးမြင့်လင်းလက်

ဂျာမန်ပိုကယ်ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၁ ရက် နဲ့ ၁၂ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဒေါ့မွန်က ဖရန့်ဖတ်ကွင်းမှာ သွားကစားရမှာမို့ ရင်ပူစရာကောင်းနေပြီး ဘိုင်ယန်မြူးနစ်တို့ကတော့ ဟမ်းဘတ်ကွင်းမှာ စိတ်ခတ်အသာစီးနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒါပေမယ့် အသင်းကြီးတွေအတွက် အလေးထားကစားရင် အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဟမ်းဘတ်နှင့် ဘိုင်ယန်မြူးနစ်

ဂျာမန်ပိုကယ်ဖလားပွဲစဉ်သမိုင်းမှာတော့ ဘိုင်ယန်မြူးနစ်တို့က ဟမ်းဘတ်ကို အသာစီးရရှိခဲ့တာချည်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ကွင်းမှာ ဟမ်းဘတ်တို့ရှုံးပွဲများခဲ့သလို တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်ကလည်း အားရစရာမရှိခဲ့ပါဘူး။ ဒါ့အပြင် ဘွန်ဒက်စ်လီဂါမှာလည်း အိမ်ကွင်းရှုံးပွဲများနေတဲ့ ဟမ်းဘတ်ဟာအခုပွဲအတွက်တော့ ဘိုင်ယန်မြူးနစ်ကို ဂိုးမပြတ်အောင်ဘဲ အားထုတ်ဖို့ရှိပါတယ်။ ဘိုင်ယန်မြူးနစ်တို့က ဒီနှစ်ဘောလုံးရာသီမှာ ဂျာမန်ပိုကယ်ဖလားကိုလည်း ပစ်မှတ်ထားနေတာမို့ နည်းပြဂွာဒီယိုလာဟာ နိုင်ပွဲရအောင် အလေးအနက်ထားပြီး ပြင်ဆင်ပါလိမ့်မယ်။ ဒီပွဲက ဘိုင်ယန်မြူးနစ်ပွဲပါပဲ။ ဘိုင်ယန်မြူးနစ်က ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်အောင် ဒီပွဲမှာ ဂိုးပြတ်သွင်းယူနိုင်ရေး အားထုတ်မှာဖြစ်ပါတယ်။

ဖရန့်ဖတ်နှင့် ဒေါ့မွန်

ဂျာမန်ပိုကယ်ဖလားပွဲစဉ်မှာ ဒီနှစ်သင်းက စုစုပေါင်း ၈၁ ကြိမ် ကြုံတွေ့ခဲ့ရာမှာ ဒေါ့မွန်တို့က နိုင်ပွဲရခဲ့တာ ပွဲပေါင်း ၄၀ နီးပါးရှိပါတယ်။ ဒေါ့မွန်ဟာ လက်ရှိအချိန်မှာ အကောင်းဆုံးခြေစွမ်းရရှိနေတာမို့ ဖရန့်ဖတ်အတွက် ခက်ခဲဖို့ရှိပါတယ်။ ဒါပေမယ့် အခုတလောနိုင်ပွဲတွေ ဆက်တိုက်ယူနေတဲ့ ဖရန့်ဖတ်တို့ကလည်း ဒေါ့မွန်ကို ခြေရည်တူကစားပါလိမ့်မယ်။ အသင်းလိုက်စုဖွဲ့မှုအားကောင်းတဲ့ ဒေါ့မွန်ရဲ့ ခြေစွမ်းက အားသာမှုရှိပေမယ့် ဖရန့်ဖတ်ကိုလည်း လျှော့တွက်လို့မရတာမို့ ဒေါ့မွန်နိုင်ရင်လည်း နှာတစ်ဖျားပဲဖြစ်ပါတယ်။

လေဗာကူဆင်နှင့် ကိုင်ဇာစလော့တန်

လေဗာကူဆင်နဲ့ ကိုင်ဇာတို့ တွေ့ဆုံမှုမှာ ကိုင်ဇာတို့ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ လေဗာကူဆင်အသင်း ကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိအောင် ပြိုင်ဘက်တွေကို ပြတ်သားတဲ့ရလဒ်နဲ့ ဖြတ်ကျော်ခဲ့တာဖြစ်ပါတယ်။ ကိုင်ဇာစလော့တန်တို့ ဘွန်ဒက်စ်လီဂါမှာ ခြေစွမ်းပြနေတဲ့ လေဗာကူဆင်ကို အနိုင်ယူဖို့ မလွယ်လှပါဘူး။ အိမ်ရှင် လေဗာကူဆင်ဟာ ဒီပွဲမှာ ပြတ်သားတဲ့ရလဒ်ကို ဖော်ထုတ်ပြီး ပရိသတ်တွေကို အပျော်တွေ ပေးအပ်ပါလိမ့်မယ်။

ဟော့ဖန်ဟိမ်းနှင့် ဝုဖ်ဘတ်

ဒီနှစ်သင်းဆုံတွေ့ရာမှာ သရေရလဒ်တွေပဲ ပေါ်ထွက်နေကျဖြစ်ပါတယ်။ အိမ်ရှင်ဟော့ဖန်ဟိမ်းဟာ ဒီလိုကွာတားအဆင့် ရောက်လာအောင် ရှော်လ်ကေးလိုအသင်းကို သုံးဂိုးအထိသွင်းယူပြီး တက်ရောက်လာတာဖြစ်ပါတယ်။ ဝုဖ်ဘတ်တို့ကတော့ အသင်းငယ်တွေကို အနိုင်ယူပြီး ချီတက်လာတာမို့ အခုပွဲမှာ အိမ်ရှင်ရဲ့ ဖိအားပေးကစားမှုကို ဝုဖ်ဘတ်တို့ ကြုံတွေ့ရတော့မှာပါ။ ဒါပေမယ့် ဝုဖ်ဘတ်ရဲ့ ရုန်းကန်အားက တစ်ခါတစ်ရံအံ့အားသင့်စရာကောင်းအောင် အစွမ်းထက်တာမို့ ဟော့ဖန်ဟိမ်းတို့အားထည့်မှ ဒီပွဲမှာ အိမ်ရှင်အတွက် အနိုင်မျှော်လင့်ရမယ့်ပွဲပဲဖြစ်ပါတယ်။

နိုင်ငံတကာ ပြည်တွင်းလိဂ်ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၅			**ဖေဖော်ဝါရီ ၉**
စပါး	-	အဲဗာတန်	ည ၈း၀၀
မန်ယူ	-	ဖူလ်ဟမ်	ည ၁၀း၃၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၂၀			**ဖေဖော်ဝါရီ ၉**
စတုဂတ်	-	အော့စ်ဘတ်	ည ၉း၀၀
ရှော်လ်ကေး	-	ဟန်နိုဗာ	ည ၁၁း၀၀
စပိန်လာလီဂါ ပွဲစဉ်-၂၃			**ဖေဖော်ဝါရီ ၉/၁၀**
အိုဆာဆူနာ	-	ဂီတာဖေး	ညနေ ၅း၃၀
ဗယ်လာဒိုလစ်	-	အယ်လ်ချီ	ည ၁၀း၃၀
ဆိုစီဒက်	-	လီဗန်တေး	နံနက် ၀၀း၃၀
ဆီဗီလာ	-	ဘာစီလိုနာ	နံနက် ၂း၃၀
အီတလီစီးရီးအေ ပွဲစဉ်-၂၃			**ဖေဖော်ဝါရီ ၉/၁၀**
တိုရီနို	-	ဘိုလော့ဂ်နာ	ည ၆း၀၀
ဆမ်ဒိုးရီးယား	-	ကက်ဂလီယာရီ	ည ၈း၃၀
ပါးမား	-	ကာတာနီးယား	ည ၈း၃၀
လီဗော်နို	-	ဂျီနိုအာ	ည ၈း၃၀
ဗီရိုနာ	-	ဂျူဗင်တပ်စ်	ည ၈း၃၀
လာဇီယို	-	ရိုးမား	ည ၈း၃၀
အင်တာ	-	ဆက်ဆူအိုလို	နံနက် ၂း၁၅
ပြင်သစ်လီဂူး ပွဲစဉ်-၂၄			**ဖေဖော်ဝါရီ ၉/၁၀**
နန့်တက်စ်	-	လိုင်ယွန်	ည ၇း၃၀
ဘော်ဒိုး	-	လော်ရီယန့်	ည ၁၀း၃၀
မိုနာကို	-	ပီအက်စ်ဂျီ	နံနက် ၂း၃၀

တိုရီနို Vs ဘိုလော့ဂ်နာ

ပွဲစဉ်(၂၂)အပြီးမှာ တိုရီနိုဟာ ရမှတ်၃၃မှတ်နဲ့ အဆင့်၇မှာရှိနေပြီး ရမှတ်၁၈မှတ်နဲ့ ဘိုလော့ဂ်နာက အဆင့်၁၇ နဲ့တန်းဆင်းဇုန်နားမှာ ရပ်တည်နေပါတယ်။ စီးရီးအေ အိမ်ကွင်း၁၁ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားတဲ့ တိုရီနိုဟာ အိမ်ကွင်းမာကျောမှုရှိပါတယ်။ ဘိုလော့ဂ်နာက အဝေးကွင်း ၉ပွဲမှာ တစ်ပွဲသာ နိုင်ပြီး သရေခံကစားထားတာများပါတယ်။ တိုရီနိုဟာ အဆင့် ၆အင်တာနဲ့ အမှတ်တူပြီး လက်ရှိခြေစွမ်းအတိုင်း ရာသီကုန်ထိသွားမယ်ဆိုရင် ယူရိုပါလိဂ် အဆင့်ကို မျှော်မှန်းလို့ရမှာပါ။ ဒီပွဲမှာလည်း အိမ်ကွင်းမာကြောတဲ့ တိုရီနိုကို အကြိုက်တွေ့မိပါတယ်။

ဆိုချီအိုလံပစ်အားကစားပွဲဖွင့်ပွဲကျင်းပ

(၂၂)ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်အားကစားပွဲကို ရုရှားနိုင်ငံ ဆိုချီအပန်းဖြေစခန်းမြို့၌ ဖေဖော်ဝါရီ ၇ ရက်ညပိုင်းက ဖွင့်ပွဲကျင်းပခဲ့ရာ နိုင်ငံပေါင်း ၈၇ နိုင်ငံမှ အားကစားသမား ၄၀၀၀၀ တက်ရောက်ခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖွင့်လှစ်ကြောင်း ကြေညာလိုက်ချိန် အားကစားသမားများ ကွင်းအတွင်းဝင်ရောက်လာခဲ့သည်။ အိုလံပစ်မီးရှူးတိုင်ကို ရုရှားရွှေတံဆိပ်သုံးဆုရှင်များ ဖြစ်သည့် ဗလာဒီစလပ်ထရီတက်နှင့် ရော့နင်နာတို့က သယ်ဆောင်ပေးခဲ့ကြသည်။ အဆိုပါဆိုချီအိုလံပစ်အားကစားပြိုင်ပွဲသည် ကုန်ကျမှုအများဆုံး အားကစားပြိုင်ပွဲဖြစ်ပြီး ပေါင်ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံသုံးစွဲထားသည်။ အဆိုပါ အိုလံပစ်အားကစားပွဲဖွင့်ပွဲသို့ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကာရီးလ်၏အနီကတ်ပယ်ချ

ဝက်စ်ဟမ်းတိုက်စစ်မှူး အင်ဒီကာရိုးလ် အနီကတ်ပြခံရပြီး သုံးပွဲပိတ်ပင်ခံရမှုအပေါ် လျှော့ပေါ့ပေးရန် တောင်းဆိုခြင်းကို အက်ဖ်အေက ပယ်ချလိုက်သည်။ အင်ဒီကာရိုးလ်သည် အက်စ်တွန်ဗီလာ၊ နော့ဝှစ်နှင့် ဆောက်သမ်တန်ပွဲများ လွဲချော်မည်ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် စနေနေ့က ဆွမ်ဆီးနှင့်ကစားစဉ် အနီကတ်ပြခံရခြင်းဖြစ်သည်။ ယင်းပွဲတွင် ဝက်စ်ဟမ်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် လက်ရှိဇယားနံပါတ် ၁၈ သို့ရောက်ရှိနေသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၁၅။ ခရီးသည်တင်ယာဉ်များပေါ်တွင် ''ဆေးလိပ်မသောက်ရ''ဟု သတိပေးစာတန်းများ ရိုက်နှိပ်ထားသော်လည်း ယာဉ်အချို့မှပေးထားသော စာတန်းအား ယာဉ်မောင်းနှင့် စပယ်ယာများသည်လည်း ယင်းပေးစာကို ဖောက်ဖျက်ကျူးလွန်နေခြင်းကို မေးမြန်းချက်နှင့် ပတ်သက်၍ မော်တော်ယာဉ်မောင်းနှင့်စဉ် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ"ဆေးလိပ်မသောက်ရန်" တားမြစ်ထားပါသည်။ ယာဉ်လိုင်းကော်မတီများမှလည်း မှာကြားကြပ်မတ်လျက်ရှိပါသည်။ ယာဉ်ပေါ်တွင် ဆေးလိပ်သောက်ခြင်းပြုလုပ်ပါက ဒဏ်ကြေးငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည့် ပြစ်ဒဏ်ပေးရန် သတ်မှတ်ခွင့်ပြုထားချက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ယာဉ်မောင်းသူတစ်ဦး ဆေးလိပ်သောက်ခြင်းအတွက် စစ်ဆေးတွေ့ရှိသဖြင့် အရေးယူခဲ့ပါသည်။ ဆက်လက်၍လည်း စစ်ဆေးအရေးယူခြင်းဖြင့် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၆။ မီးရထားလက်မှတ်များ တန်းစီဝယ်ယူနေရသည့် အခက်အခဲများကို ဖြေလျှော့လွယ်ကူစွာ ဝယ်ယူသွားလာနိုင်ရေးစီစဉ်သင့်ပါကြောင်း အကြံပြုမေးမြန်းချက်နှင့် ပတ်သက်၍

(က) ရန်ကုန်ဘူတာတွင် လမ်းပိုင်းအသီးသီးသို့ ပြေးဆွဲလျက်ရှိသည့် အမြန်/စာပို့ လူစီးရထားများအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမြန်ရထားသုံးစင်းနှင့် စာပို့ရထားတစ်စင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမြန်ရထားနှစ်စင်း၊ ရန်ကုန်-ညောင်ရွှေလမ်းပိုင်းတွင် စာပို့ရထားတစ်စင်း၊ ရန်ကုန်-မော်လမြိုင်-ရေးလမ်းပိုင်းတွင် အမြန်ရထားနှစ်စင်းနှင့် အထူးအမြန်ရထားတစ်စင်း၊ ရန်ကုန်-ပြည်-ပခုက္ကူလမ်းပိုင်းတွင် အမြန်ရထားတစ်စင်းနှင့် အထူးအမြန်ရထားတစ်စင်းတို့ဖြင့် နေ့စဉ်အမြန်ရထား ၁၀ စင်း၊ စာပို့ရထားနှစ်စင်း၊ အပတ်စဉ် စနေနေ့တိုင်း ကျိုက်ထီးရိုးအဲယားကွန်း အထူးအမြန်ရထားတစ်စင်းတို့ဖြင့် ပြေးဆွဲပေးလျက်ရှိပါသည်။

(ခ) ရန်ကုန်ဘူတာတွင် ရိုးရိုးတန်း ရက်ကြိုလက်မှတ်ရုံ၌ လက်မှတ်ရောင်းချပေးမှုအနေဖြင့် လက်မှတ်များကို တစ်ရက်ကြိုစနစ်ဖြင့် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ တစ်ဦးလျှင် လက်မှတ်ငါးစောင်နှုန်းဖြင့်လည်းကောင်း၊ လက်မှတ်အရောင်းကောင်တာများကို ၁၂ ပေါက်ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိပါသည်။

(ဂ) အထက်တန်း ရက်ကြိုလက်မှတ်ရုံ၌ ပထမတန်း၊ ဒုတိယတန်း၊ အထက်တန်း အိပ်စင်လက်မှတ်များကို သွားမည့်ရက်မပါ သုံးရက်ကြိုစနစ်ဖြင့်လည်းကောင်း၊ ကျိုက်ထီးရိုးအဲယားကွန်းအထူးအမြန်ရထားကို ငါးရက်ကြိုစနစ်ဖြင့်လည်းကောင်း၊ နေ့စဉ် ၇ နာရီမှ ညနေ ၃ နာရီအထိတစ်ဦးလျှင် လက်မှတ်ငါးစောင်အထိကို ရထားတစ်စင်းချင်းအလိုက် ခရီးသည်များ လွယ်ကူစွာ လက်မှတ်ဝယ်ယူနိုင်ရေးအတွက် လက်မှတ်အရောင်းကောင်တာများကို ၁၂ ပေါက်ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိပါသည်။

(ဃ) ၎င်းအပြင် ၅-၁၀-၂၀၁၃ ရက်မှစ၍ကျိုက်ထီးရိုးအဲယားကွန်း အထူးအမြန်ရထားလက်မှတ်များကို ဘုရားဖူးခရီးသည်များ လွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် အင်းစိန်မြို့နယ်အတွင်း၌ အင်းစိန်ဘူတာ၊ စမ်းချောင်းမြို့နယ်အတွင်း၌ ကြည့်မြင်တိုင်ဘူတာ၊ ရန်ကင်းမြို့နယ်အတွင်း၌ ကံဘဲ့ဘူတာ၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း၌ တံတားကလေးဘူတာ၊ မင်္ဂလာဒုံမြို့နယ်အတွင်း၌ မင်္ဂလာဒုံဘူတာ၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်အတွင်း၌ တိုးကြောင်ကလေးဘူတာများတွင် အရောင်းဌာနခွဲများဖွင့်လှစ်၍ တနင်္လာနေ့မှ ကြာသပတေးနေ့အထိ နေ့စဉ်ရောင်းချပေးလျက်ရှိပါသည်။

(င) ရက်ကြိုလက်မှတ်ရုံများတွင် ရက်ကြိုစနစ်ဖြင့် ရောင်းချပေးသည့်အပြင် နေ့ချင်းလက်မှတ်ရုံဖြစ်သည့် ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံအတွင်းတွင် အထက်တန်းလက်ကျန်လက်မှတ်ရုံနှင့် ရိုးရိုးတန်းလက်ကျန် လက်မှတ်ရုံးများထားရှိ၍ နေ့စဉ် ညနေ ၄ နာရီမှ နောက်တစ်နေ့ ရထားမထွက်မီ ၁၅ မိနစ်ခန့်အလိုအထိ ရောင်းချပေးလျက်ရှိပါသည်။

(စ) လက်ရှိအခြေအနေ၌ ရန်ကုန်ဘူတာမှ လမ်းပိုင်းအသီးသီးသို့ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားများတွင် ခရီးသည်စီးနင်းမှုနှင့် မြန်မာ့မီးရထားဌာနမှ လက်မှတ်ရောင်းချပေးနိုင်မှုများကို စိစစ်ရာတွင် Demand နှင့် Supply မျှတမှုရှိနေပြီး ခရီးသည်များအနေဖြင့် ခက်ခက်ခဲခဲလက်မှတ်ဝယ်ယူရသည့် အခြေအနေမျိုးမရှိဘဲ မိမိသွားလိုသည့် ခရီးစဉ်များအလိုက် လွယ်လင့်တကူ ဝယ်ယူရရှိနေကြောင်းကို တွေ့မြင်နေရပါသည်။ တန်းစီဝယ်ယူရမှု အနည်းအကျဉ်းသာရှိပါသည်။

(ဆ) ယခုအခါ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ခရီးသည်စီးနင်းမှုများပြားသည့် အမှတ်(၅) အဆန်အမြန်ရထား၏ မန္တလေးရိုးရိုးတန်းလက်မှတ်များကို ခရီးသည်များ ပိုမိုလွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက် အင်းစိန်ဘူတာ၊ ကြည့်မြင်တိုင်ဘူတာ၊ ကံဘဲ့ဘူတာ၊ တံတားကလေးဘူတာ၊ မင်္ဂလာဒုံဘူတာ၊ တိုးကြောင်ကလေးဘူတာတို့တွင် တစ်ဘူတာလျှင် လက်မှတ်ငါးစောင်နှုန်းဖြင့် ၁-၂-၂၀၁၄ ရက်နေ့မှစ၍ စမ်းသပ်ရောင်းချသွားနိုင်ရန်နှင့် ခရီးသည်စီးနင်းမှုအပေါ် မူတည်၍ ထိုင်ခုံခွဲတမ်းများ တိုးပေးသွားရန် စီမံဆောင်ရွက်ထားပါသည်။

(ဇ) အနာဂတ်ကာလတွင် မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များ လက်မှတ်ဝယ်ယူရာတွင် ယခုထက် ပိုမိုလွယ်ကူစေမည့် နည်းလမ်းများကို ခေတ်မီသည့် နည်းပညာများအသုံးပြု၍ ပြင်ဆင်ရောင်းချပေးသွားရန် အစီအမံများ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

၁၇။ မီးရထားလမ်းများယခုထက် ပိုမိုအဆင့်မြင့်တင်ကောင်းမွန်ရေး စီစဉ်သင့်ပါကြောင်း အကြံပြုမေးမြန်းချက်နှင့် ပတ်သက်၍ မြန်မာ့မီးရထားအနေဖြင့် ယခင်အစိုးရလက်ထက်က ရထားလမ်းသစ်ဖောက်လုပ်ခြင်းကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ရသဖြင့် လက်ရှိမီးရထားလမ်းဟောင်းများပြုပြင်ခြင်းကို ထိထိရောက်ရောက်မဆောင်ရွက်နိုင်ခဲ့ပါ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ အဓိကရထားလမ်းများဖြစ်သော ရန်ကုန်-မန္တလေးရထားလမ်း၊ မန္တလေး-မြစ်ကြီးနားရထားလမ်း၊ ရန်ကုန်-ပြည်ရထားလမ်း၊ ပဲခူး-မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်း၊ ရန်ကုန်-မြို့ပတ်လမ်းနှင့် ပုသိမ်-ဟင်္သာတ- ကြံခင်းရထားလမ်းများကို အဆင့်မြှင့် ပြုပြင်လျက်ရှိရာ ယခင်ကထက် များစွာတောင့်တင်းခိုင်မာလာပြီဖြစ်ပါသည်။ ယခုအခါ JICA အကူအညီဖြင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် O.D.A ချေးငွေဖြင့် ပြုပြင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အခြားလမ်းပိုင်းများကိုလည်း ခေတ်မီစက်ယန္တရားများ အသုံးပြုမည့် တင်ဒါခေါ်ယူဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်သူ့ဗဟိုပြုလုပ်ငန်းစဉ် သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အောင်ဇေယျခန်းမ၌ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ EU သံအမတ်ကြီး Mr.Kobia၊ EU မှ Team Leader Mr.Friedrich Schwindt၊ Mr.David Hamilton နှင့်အဖွဲ့၊ အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင် ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသား သင်တန်းသူ ၁၈ ဦး အပါအဝင် စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ EU သံအမတ်ကြီးနှင့် Mr.David တို့က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားသင်တန်းသူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းလက်မှတ်များ တစ်ဦးချင်း ပေးအပ်ကာ EU သံအမတ်ကြီးက နှစ်နိုင်ငံအလံ ရင်ထိုးတံဆိပ်များအား ပေးအပ်ခဲ့သည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ EU သံအမတ်ကြီးက ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်တွင် အသုံးပြုရန်အတွက် Model 3500 အမျိုးအစား စက်ဘီးအစီး ၂၀ ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံသို့ ပေးအပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး တပ်ဖွဲ့မှူးကလည်း EU သံအမတ်ကြီးနှင့် သင်တန်းနည်းပြများ၊ နိုင်ငံခြားဧည့်သည်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

အခွန်သယ်ပိုး
တို့ပြည်အကျိုး
တည်ဆောက်ခေတ်မီ
တို့မြန်ပြည်

အရက်ကြောင်သူက ဓားဖြင့်ခုတ်သတ်

စလင်း ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြေနီကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီက လူသတ်မှုဖြစ်ပွားခဲ့သည်။

အရေးယူထား

အခင်းဖြစ်စဉ်မှာ မြေနီကုန်းကျေးရွာနေ နိုင်ထူး(၃၉ နှစ်)သည် အရက်ကြောင်ကြောင်ပြီး ၎င်းတစ်ရွာတည်းနေ ဦးမိုးကျော်၏သား မောင်ပြည့်စုံကျော် (၄ နှစ်)အား လှည်းလမ်းကြောင်းပေါ် ဆော့ကစားနေစဉ် ဓားဖြင့် နောက်ကျောဘက်နှင့် မျက်နှာ၊ ကျော၊ လည်ပင်းတို့ကို အကြောင်းမဲ့ခုတ်သဖြင့် မောင်ပြည့်စုံကျော်မှာ နေရာ၌ပင် သေဆုံးသွားရာ ပြစ်မှုကျူးလွန်သူ နိုင်ထူးကို စလင်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စစ်ကြည်(စလင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ အောက်ဖော်ပြတည်နေရာမှ ဗန်းမော်ရေလမ်းကောင်းမွန်ရေးလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တည်နေရာ	လုပ်ငန်းအမျိုးအစား	ပမာဏ
၁။	ဗန်းမော်	သဲအိတ်ခံကျောက်စီရေကာ	၄၀၀ မီတာ

တင်ဒါပုံစံရောင်းချခြင်း၊တင်သွင်းခြင်းနှင့်စိစစ်ရွေးချယ်မည့်နေရာ- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ အမှတ် ၁၄၀၊ ဇရာရပ်ကွက်

တင်ဒါပုံစံယူရမည့်ရက် - ၇-၂-၂၀၁၄ရက်မှ ၉-၂-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း

တင်ဒါပိတ်မည့်ရက် - ၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၂း၀၀နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၄-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၄-၂၀၉၈၉သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဓာတ်ပုံလုပ်ငန်းလုပ်ကိုင်ခွင့်အား အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ၎င်းတက္ကသိုလ် ငွေကိုင်ဌာနတွင် ၂၀၀၀ိ/-ဖြင့် ဝယ်ယူလျက် ၁၇-၁-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၆၆၈၆ တွင် စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံရိုက်ခွင့်စိစစ်ရေးဆပ်ကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်စတိုနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၂-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၃-၂-၂၀၁၄ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ကြောင်းကြေညာခြင်း

ပေါက်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရှိ အခွင့်အရေးလုပ်ငန်းလိုင်စင် ၇၆ခုအား ၁၀-၂-၂၀၁၄ ရက် နံနက် ၁၀ နာရီအချိန်တွင် ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သဖြင့် လေလံဆွဲဝယ်လိုသူများအနေဖြင့် ၈-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာလိုက်သည်။ လေလံတင်ရောင်းချမည့်လုပ်ငန်းလိုင်စင်များမှာ ဝက်လိုင်စင် ၃၀ ခု၊ အမဲလိုင်စင် ၃၀ ခု၊ ဆိတ်လိုင်စင် တစ်ခု၊ ကူးတို့လိုင်စင် ရှစ်ခု၊ နွားပွဲဈေးတစ်ခု၊ မြို့ဝင်ကြေး ဘီးကောက်တစ်ခု၊ မြို့မပျံကျဈေးကောက်တစ်ခု၊ မြို့မအရောင်းဆိုင် သုံးခု၊ ကျေးလက်အရောင်းဆိုင်တစ်ခု စုစုပေါင်း ၇၆ ခုဖြစ်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၆၂-၄၅၂၉၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမည်ဖြည့်စွက်ခြင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ၄ုက်ကြီးကျွန်းကျေးရွာနေ ဦးဝင်းလှအောင်၏သမီး မဦးသန်းစိုး ၁၁/ပဏက(နိုင်)၀၅၁၀၁၄ အား မဦးသန်းစိုး(ခ)မအေးအေးအောင် ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မဦးသန်းစိုး(ခ)မအေးအေးအောင်

အမည်မှန်

ကျောက်မဲမြို့၊ တီလင် (၉)ရပ်ကွက်၊ နယ်မြေ (၁၁)၊ ရွှေညောင်ပင်လမ်းနေ ဦးလှမောင် ၁၃/ကမန(နိုင်)၀၅၄၃၉၀၏ သမီးအမည်မှာ မဖြူဖြူစိုး(ခ)မမြင့်သန်းအေး ဖြစ်ပါကြောင်း။ **မဖြူဖြူစိုး(ခ)မမြင့်သန်းအေး**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၃၂၂၅၊ ISUZU Trooper ၊ S/W(4×4)L ယာဉ်လက်ဝယ်ရှိသူ ဦးအေးချို ၁၂/မရက(နိုင်)၀၅၅၆၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၁၂၇၅ Nissan Diesel CD 450v, Truck(6×4)R ယာဉ်လက်ဝယ်ရှိသူ Mirror Int'l Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျိုက်ပိမြစ်ကူးဘေလီတံတားကျေးဇူးဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူနေ

ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးကို အထောက်အကူပြုသည့် ကျိုက်ပိမြစ်ကူးဘေလီတံတားကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၈

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောက်လုပ်ပေးခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိ မြစ်ကူးဘေလီတံတား၏ ကျေးဇူးဖြင့် မော်လမြိုင်ကျွန်း-ဘိုကလေးနှင့် ကျိုက်လတ်မြို့နယ်ဒေသခံ ကျေးရွာပြည်သူများမှာတစ်ရွာမှ တစ်ရွာသို့သွားလာဆက်သွယ်ရေးအဆင်ပြေလွယ်ကူလျက်ရှိနေပြီ ဖြစ်သည်။

ယခုအခါ ကျိုက်ပိမြစ်ကူးဘေလီတံတားမှတစ်ဆင့် ကျိုက်ပိ-ဂရမ်း-ကွင်းကြီး-ဒလင်းလှဲဆိပ်ကျေးရွာများသို့ လည်းကောင်း၊ ကျိုက်ပိ-လောကခတ်-ထိန်ကုန်းကျေးရွာများသို့လည်းကောင်း၊ ကျိုက်ပိ-မရဲအုန်းပင်စု-ဒလင်းလှဲဆိပ်ကျေးရွာများသို့ လည်းကောင်း၊ ကျိုက်ပိ-သစ်တိုဆိပ်- ကွဲတလင်း-ကျော်ဇံကျေးရွာများသို့ လည်းကောင်း ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူလျက်ရှိရာ မော်လမြိုင်ကျွန်း-ဘိုကလေးနှင့် ကျိုက်လတ်မြို့နယ်ဒေသခံကျေးရွာ ပြည်သူများမှာကျိုက်ပိမြစ်ကူးဘေလီတံတား၏ကျေးဇူးဖြင့် ဒေသစီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။ **မြင့်အောင်**

ယာဉ်သွားလာရခက်ခဲသည့် ရွှေတချောင်းမြောင်းတံတားကို အသစ်ပြန်လည်တည်ဆောက်

မန္တလေး ဖေဖော်ဝါရီ ၈

ယာဉ်သွားယာဉ်လာခက်ခဲသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်၊ အကွက်(၁၆၉)၊ ၈၄ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ ရွှေတချောင်းမြောင်းတံတားကို အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်းသိရသည်။ နှစ်ပေါင်းကြာမြင့်ကာ ဟောင်းနွမ်းဆွေးမြည့်နေသည့် အဆိုပါတံတားကို ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀နှင့် အများပြည်သူထည့်ဝင်ငွေကျပ် ၁၅သိန်း စုစုပေါင်းငွေကျပ် ၆၅သိန်းဖြင့် ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါ ရွှေတချောင်းမြောင်းတံတားအသစ်ပြန်လည်ဆောက်လုပ်ရာ လုပ်ငန်းခွင်သို့ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးဘကြည်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၆ ရက်က ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။ **(ဝ၂၆)**

သတင်းတိုများ

တာချီလိတ်မြို့၌ မဇ္ဈိမလူမှုကူညီရေးအသင်းဖွင့်

တာချီလိတ်မြို့ မဇ္ဈိမလူမှုကူညီရေးအသင်း၏ တစ်နှစ်ပြည့်နှစ်ပတ်လည်နှင့် အသင်းရုံးခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဝိန်းကျောက်ရွာရှိ အဆိုပါအသင်းရုံး၌ ကျင်းပရာ အသင်းရုံးခန်းကို တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ စာရေးဆရာများဖြစ်ကြသည့် ဦးဘုန်း(ဓာတု)နှင့်ညီမင်းညို၊ မဇ္ဈိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါအခမ်းအနားသို့ တာချီလိတ်၊ မိုင်းဆတ်၊ ကျိုင်းတုံမြို့များမှ ပရဟိတအသင်းအဖွဲ့များ၊ ထိုင်းနိုင်ငံ ချင်းမိုင်၊ ချင်းရိုင်၊ မယ်ဆိုင်မြို့များမှ မြန်မာပရဟိတအသင်းများ၊ ဖိတ်ကြားထားသူများတို့ တက်ရောက်ကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်ညများတွင် အောင်မြတ်ခန်းမ၌ စာရေးဆရာများဖြစ်ကြသည့် ဦးဘုန်း(ဓာတု)နှင့် ညီမင်းညိုတို့က သုတရသစာပေရေးရာများကို ဟောပြောခဲ့ကြသည်။ **မောင်ယဉ်ကျေး**

ဝါးခယ်မမြို့တွင် ဒုတိယအကြိမ် ထမနဲထိုးပွဲကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် မြသိန်းတန်စေတီတော်မြတ်ကြီး ဒုတိယအကြိမ် ထမနဲထိုး လှူဒါန်းပွဲကို တပို့တွဲလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ထမနဲပွဲတော်ကြီးအတွက် မြို့ပေါ်နှင့် နယ်အသီးသီးတို့တွင် လှူဒါန်းမှုများ နေ့စဉ်ပြုလုပ်လျက်ရှိကြောင်းသိရသည်။ အဆိုပါထမနဲပွဲတော်တွင် ကျောင်းပေါင်းစုံရှိ ဆရာတော် သံဃာတော်များအား အရုဏ်ထမနဲ လှူဒါန်းခြင်း၊ အလှူရှင်များအား ထမနဲများပေးဝေခြင်း၊ပရိသတ်များအားကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိန်(ဝါးခယ်မ)**

မိုးညှင်း ထီးလင်းသာသနာ့ဗိမာန်နှင့် သိမ်ကျောင်းတော် ရေစက်ချပွဲကျင်းပ

ကချင်ပြည်နယ် မိုးညှင်းမြို့ သာစည်ရပ်ကွက်ရှိ မိုးညှင်းထီးလင်းသာသနာ့ဗိမာန်လေးထပ်ကျောင်းဆောင်သစ်နှင့် သိမ်ကျောင်းတော် ကျောင်းလွှတ်ပူဇော်ပွဲရေစက်ချအလှူတော်မင်္ဂလာကို တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလဆန်း ၅ ရက်အထိ ကျင်းပခဲ့ပြီး ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများကို ရန်ကုန်မြို့ ရွှေပြည်ဟိန်းကျောင်းတိုက်၌ကျင်းပခဲ့ပြီး တပို့တွဲလဆန်း ၈ ရက် နံနက် ၈ နာရီတွင် လေးထပ်ကျောင်းဆောင်သစ်ကို ထီးလင်းကျောင်းတိုက်ဆရာတော် ဦးအဂ္ဂိရနှင့် သံဃာအပါး ၅၀ ဖြင့် ဖွင့်လှစ်၍ သံဃာတော် အပါး ၅၀ တို့ကို ဆွမ်း၊ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ရာ ရေစက်ချပွဲတွင် အောင်ချမ်းဝင်း မန္တလေးဇာတ်သဘင်ဖြင့် ဖျော်ဖြေမည်ဟု သိရသည်။ **ထွန်းရီ**

ဂျပန်-မြန်မာသံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့် အထိမ်းအမှတ်
ဂျပန်ရိုးရာယဉ်ကျေးမှုအဖွဲ့ (I.T.A) မှ ဖျော်ဖြေတင်ဆက်ပွဲ

နေရာ - ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ
နေ့ရက် - ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀:၀၀နာရီမှ ညနေ ၆:၀၀နာရီ
ဝင်ကြေးအခမဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၈၁၇၊ ဧရိယာ ဝ.ဒသမဝ၅၅၈ဧက၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ် ၈၁၇ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်ဖြူဖြူ ၁၂/တမန(နိုင်)ဝ၆၄၅၅၇ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကောင်းမြတ်ဇော် ဦးသန့်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမွေပြတ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်လမ်းဆုံအနီး၊ အိမ်အမှတ် ၁၃၉(ခ) ၅/၆ရပ်ကွက်၊ စံပယ် (၃)လမ်း မိခင်ဖြစ်သူ ဒေါ်အိုးအောင်၏သားဖြစ်သူ ဦးငွေအောင်သည် အစ်မဖြစ်သူ ဒေါ်ငွေငွေနှင့် ဒေါ်ငွေတင်၊ ညီဖြစ်သူ ဦးငွေနိုင်တို့ကို ဂုဏ်သိက္ခာကျအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပါသဖြင့် ဒီနေ့ဒီရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ညီအစ်ကိုမောင်နှမအဖြစ်မှလည်း စွန့်လွှတ်လိုက်သည်။ ၄င်းမောင်ငွေအောင်နှင့်ပတ်သက်သောကိစ္စဆိုင်ရာ အဝဝတို့ကို လုံးဝတာဝန်မယူပါ။ **မိခင်ကြီးဒေါ်အိုးအောင်နှင့် ညီအစ်ကို၊ မောင်နှမများ**

အိမ်ရောင်းရန်ရှိသည်

အိမ်အမှတ် (၃၃)၊ ဘုရင့်နောင်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ဈေးရှေ့တည့်တည့်၊ ရေးမြို့။
စုံစမ်းရန် - (၁) ဖုန်း-၀၉-၂၅၅၈၀၄၆၁၁
(၂) ဖုန်း-၀၉-၄၉၈၀၁၃၉၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃

၁။ ဒေါ်မြင့်မြင့်စိန် **နှင့်** ဒေါ်ခင်လှ
၂။ ဦးသာအောင်(ခ)ဦးသာဒင်
တရားလိုများ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁၉)လမ်း၊ အမှတ် (၆၅၉/က)နေ ဒေါ်ခင်လှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သည့် ဒေါ်မြင့်မြင့်စိန်၊ ဦးသာအောင်(ခ)ဦးသာဒင်တို့က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ချစ်ကိုကို)**
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ဒေါ်အေးစန္ဒာမြင့် ၁၂/တမန(နိုင်)၁၀၃၃၆၃နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေကြီး ဦးရဲဝင်းထွန်း ၁၂/ဗဟန(နိုင်)ဝ၈၇၆၁၂ တိုက်အမှတ် ၃၊ အခန်းအမှတ် ၁၀၃၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အေးစန္ဒာမြင့် ၁၂/တမန(နိုင်)၁၀၃၃၆၃နှင့် အများသိစေရန်ကြေညာသည်မှာ ကျွန်ုပ်မိတ်ဆွေကြီးနှင့် ဒေါ်အေးစန္ဒာမြင့်တို့သည် ၁၆-၂-၂၀၀၉ ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ၂၁-၁-၂၀၁၄ ရက်တွင် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ နှစ်ဖက်ညှိနှိုင်းမရသည့်အတွက် ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်အုပ်ချုပ်မှုရုံးတွင် ကျွန်ုပ်၏မိတ်ဆွေကြီးဘက်မှ လင်မယားကွာရှင်းမှု ပြုပေးပါရန် ဆန္ဒပြုတောင်းခံခဲ့သော်လည်း ဒေါ်အေးစန္ဒာမြင့်မှ လိုက်နာခြင်းမရှိ ငြင်းဆန်ခဲ့သဖြင့် ညှိနှိုင်းမရခဲ့ကြောင်း ညွှန်ကြားခိုင်မာစွာ သိရှိရပါသည်။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေအရ ဒေါ်အေးစန္ဒာမြင့်နှင့် ကျွန်ုပ်မိတ်ဆွေကြီးတို့ ပေါင်းသင်းစဉ် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၁၀၃တိုက်ခန်းကို နှစ်ဦးပိုင်အမည်ဖြင့် ဝယ်ယူလက်ရောက်နေထိုင်ခဲ့ကြောင်း ညွှန်ကြားသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေကြီး သဘောတူညီမှု တစ်စုံတစ်ရာမရှိဘဲ ဒေါ်အေးစန္ဒာမြင့်ကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်စုံတစ်ဦးကသော်လည်းကောင်း အထက်အဆိုရှိ တိုက်နှင့်တိုက်ခန်းဆက်နွှယ်စာရွက်စာတမ်းအရပ်ရပ်တို့အား တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဆိုင်ခန်းဖွင့်လှစ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လှူဒါန်းပေးကမ်းခြင်း မပြုစေရန်နှင့် ဒေါ်အေးစန္ဒာမြင့်လက်ဝယ်ထားရှိသည့်တိုက်ခန်းနှင့် ဆက်နွှယ်သည့်ဆိုင်ရေးပိုင်ခွင့်စာရွက် စာတမ်းများအား လွှဲပြောင်းခြင်း၊ အလွဲသုံးစားခြင်းမပြုပါရန် အထူးသတိပေးတားမြစ်ကြေညာ အပ်ပါသည်။

အထက်အဆိုပါတိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ဆက်နွှယ်သည့် စာရွက်စာတမ်းများနှင့်စပ်လျဉ်းပြီး ကျွန်ုပ်၏မိတ်ဆွေကြီး ဦးရဲဝင်းထွန်း ညွှန်ကြားကြေညာသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ဆောင်ရွက်လုပ်ကိုင်ကြပါက ပျက်ကွက်သူများ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးရဲဝင်းထွန်း ၁၂/ဗဟန(နိုင်)ဝ၈၇၆၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်း (ဝါးခယ်မ) LL.B (စဉ်-၈၀၂၀)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၀၁၁၈၃၂၆
အမှတ် ၁၆ (ဘီ)၊ ပထမထပ်၊ ၁၆၄ လမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နဂါးမောက်သီးများ နွားထိုးကြီးမြို့နယ်တွင် စမ်းသပ်စိုက်ပျိုးလာ

နဂါးမောက်သီးစားသုံးခြင်းကြောင့် ကိုလက်စထရောများကို လျော့ကျစေ

မန္တလေး ဖေဖော်ဝါရီ ၈

နဂါးမောက်သီးကို ပြည်ပမှ တင်သွင်းရောင်းချရာမှ စားသုံးသူများလာ၍ဈေးကွက်ခိုင်မာလာပြီး ဈေးကွက် တွင်ကျယ်လာခြင်းကြောင့် မြန်မာနိုင်ငံတွင် နွားထိုးကြီးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အနီးဝန်းကျင်တွင် တိုးချဲ့စမ်းသပ်စိုက်ပျိုးနေကြောင်း သိရသည်။

နဂါးမောက်သီးသည် မြန်မာနိုင်ငံတွင် ခေတ်စားလာသည်မှာ မကြာသေးသော်လည်း ရှမ်းပြည်နယ်နှင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံပတ်ဝန်းကျင်ဒေသများတွင် စမ်းသပ်စိုက်ပျိုးရာမှ နဂါးမောက်စိုက်ပျိုးရေးခြံလုပ်ငန်းများကို စီးပွားဖြစ်စိုက်ပျိုးလာကြသဖြင့် နွားထိုးကြီးဝန်းကျင်တွင် ထပ်မံစမ်းသပ်စိုက်ပျိုးကြောင်းသိရသည်။

နဂါးမောက်သီး စားသုံးခြင်းကြောင့် အူမကြီးကင်ဆာနှင့် ဆီးချိုဆီးလွန်ရောဂါများကို ကာကွယ်ပေးပြီး အဆိပ်အတောက်ဖြစ်စေသော Heavy Metal များကို ချေဖျက်ပေးသဖြင့် ကိုလက်စထရောများကို လျော့ကျစေခြင်း၊ သွေးတိုးနှုန်းကျဆင်းစေခြင်းများအပြင် ကြာရှည်စွာ စွဲစွဲမြဲမြဲ စားသုံးခြင်းဖြင့် ချောင်းဆိုးရင်ကျပ်ရောဂါများကို သက်သာပျောက်ကင်းစေကြောင်း သိရသည်။

ထို့ပြင် အသားအရေများကို ချောမွတ်စိုပြည်စေခြင်း၊ အစာစားချင်စိတ်များ ဖြစ်ပေါ်စေခြင်း၊ အစာချေဖျက်မှုကို အားပေးခြင်း၊ အဆီများကို ချေဖျက်ခြင်း၊ သွားနှင့် အရိုးများကို ခိုင်မာစေခြင်း၊ မှတ်ဉာဏ်နှင့် မျက်လုံးအားကောင်းစေခြင်းနှင့် ဒဏ်ရာများကို သက်သာပျောက်ကင်းစေခြင်းအပြင် နာလန်ထ လူမမာများအတွက် အထူးသင့်လျော်ကြောင်း သိရသည်။

အဆိုပါနဂါးမောက်သီးကို ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးလာခဲ့ကြပြီး ဈေးကွက်တွင်ကျယ်လာခြင်းကြောင့် ရှမ်းပြည်နယ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာမှ အောင်မြင်လာကာ စိုက်ပျိုးသူများ စိတ်ဝင်စားလာ၍ ဒေသတချို့တွင် စမ်းသပ်စိုက်ပျိုးလာကြောင်း သိရသည်။ အဆိုပါ နဂါးမောက်သီးတစ်လုံးလျှင် ငွေကျပ် ၈၀၀မှ ၁၀၀၀ထိ အရွယ်အစားအလိုက်ဈေးနှုန်းရရှိကာ တချို့နေရာများတွင် ငွေကျပ် ၁၅၀၀ထိ ဈေးရရှိလာပြီး မျိုးပင်တစ်ပင်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးကာ ပေါင်တန်းတစ်တန်းလျှင် အပင်တစ်ရာနှုန်းနှင့် ပေါင်တန်း ၁၃ တန်းမှ ၁၅ တန်းအထိ စိုက်ပျိုးကြကြောင်း သိရသည်။

မင်းသစ္စာလှိုင်

သံတောင်ကြီး၌ သဘာဝဘေးအသိပညာပေးဟောပြော

သံတောင် ဖေဖော်ဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပြည်နယ်အတွင်း ရပ်ရွာအခြေပြု သဘာဝဘေး အသိပညာပေးဆွေးနွေးပွဲများ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ သဘာဝဘေးနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများကို ပြည်နယ်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သဘာဝဘေးကြိုတင်ကာကွယ်ရေးကိစ္စများနှင့် စပ်လျဉ်း၍ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသဘာဝဘေး အသိပညာပေးဟောပြောပွဲကို ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသနေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုတီ (သံတောင်)

သတင်းတို

ထူးချွန်အောင်မြင်သူ ဆုများချီးမြှင့်

၂၀၁၃-၂၀၁၄ ပညာသင်နှစ် စာပေ၊ ဘာသာ၊ အားကစားနှင့် စာရိတ္တ ထူးချွန်မောင်မယ်များ၊ တက္ကသိုလ်ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျောက်မဲမြို့နယ် စခန်းသာကျေးရွာအုပ်စု စခန်းသာရွာမ အလက(ခွဲ)ကျောင်း၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ကျောင်းဖွံ့ဖြိုးတိုးတက်မှုအလှူငွေများ ပေးအပ်ခြင်း၊ စခန်းသာကျေးရွာ အလက(ခွဲ)ကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းမြင့်အောင်က ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးနေလင်းက လက်ခံယူခဲ့သည်။

မောင်မောင်(ကျောက်မဲ)

မိုးကောင်း၌ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မိုးကောင်းမြို့နယ်ရှိ နမ္မတီးကျေးရွာ၌ စိမ့်စမ်းရေသွယ်ရေပေးရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဦးစီးပြီး မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီနှင့် ပူးပေါင်းကာ တန်ဖိုးငွေကျပ် ၁၅ သန်းဖြင့် အကောင်အထည်ဖော်နေသော ရေသွယ်ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြေကွက်ငှားမည်(သို့)အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသည် (ညှိနှိုင်းဈေး)

* ဒဂုံဆိပ်ကမ်းမြို့နယ်(သရက်ချောင်) (100'×200')၊ ရေ/ မီးစုံ။
* ရွှေပြည်သာမြို့နယ်၊ လှော်ကား-ဝါးတရာလမ်းမကြီး၊ (120'×60')၊ အဝီစိတွင်းပါ။

ဖုန်း-၀၉-၅၀၂၁၇၆၆၊ ၀၉-၅၁၄၃၄၁၆၊ ၀၁-၅၄၉၃၄၇

ပျောက်ဆုံးကြောင်း

ကျွန်မပိုင် ယာဉ်အမှတ် 5F 1932 Toyota Mark II Saloon အမျိုးအစားအားတင်သွင်းခွင့်ပြုခဲ့သော ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ သွင်းကုန်ပါမစ်လိုင်စင်မူရင်း (Permit No.ISP 3 -13-14-5595 02/07/13) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။

ဒေါ်တင်တင်စန်း
၃/ဖပန(နိုင်)၀၀၅၁၅၆
ဖုန်း-၀၉-၅၀၀၂၃၅၂

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်ဦးလွင် ၇/ပမန(နိုင်) ၁၁၅၅၅၄ ၏ ပတ်စ်ပို့ No.၄၃၃၃၈၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၂၅၀၄၇၃၀၁ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ဌ/၂၁၄၇၄ ထရော်လာဂျီ လက်တွန်းထွန်စက် လက်ဝယ်ရှိသူ ဦးကျော်ထွန်းစိန် ၁၁/စတန(နိုင်) ၀၄၅၅၈၀ က ကမ(၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ အမှတ်(၁၇)၊ စိန်ပန်းမြိုင်လမ်းနေ မောင်သန့်ဇင်ဦး(ဟာဆန်)သည် မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စအဝဝနှင့်ပတ်သက်၍တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးငွေတင် ၁၀/သဖရ(နိုင်)၀၀၈၂၆၁
ဒေါ်အေးမြင့်၁၀/သဖရ(နိုင်)၀၀၃၉၉၄

အမည်ပြောင်း

ဦးထွန်းထွန်းနိုင်၏သမီး ကျွန်းလှ အထက၊ ဆဋ္ဌမတန်း(A)မှ မသီရိထွန်းအား မသီရိခိုင်ရွှေဟု ပြောင်းလဲခေါ်ပါရန်။

မသီရိခိုင်ရွှေ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မြိတ်မြို့နယ်တရားမရုံးတော်၌

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဒေါ်မြင့်ကြူ နှင့် ဦးဇော်မင်းဟန်
ဒေါ်တင်တင်ဌေး

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးဇော်မင်းဟန်၊ ကြံတောရပ်၊ အေးချမ်းသာယာရပ်ကွက်၊ မြိတ်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဒေါ်တင်တင်ဌေး၊ ကြံတောရပ်၊ အေးချမ်းသာယာရပ်ကွက်၊ မြိတ်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မြင့်ကြူက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်တွင်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းဝင်းထိန်
တွဲဖက်မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ မြိတ်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၈၃၃၂ Mitsubishi Fuso Fs 54 Juy အမျိုးအစား Truck (8x4) RT/S ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၁၃/နမတ(နိုင်)၀၀၂၅၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၈၉၁၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၁၆၂၀ Toyota Mark II L×76 SL 4×2 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း(ခ)ဦးစိုင်းလွန် ၂/လကန(နိုင်)၀၁၁၅၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၅၈၂၀ Yan Naing LT၊ PU(4×2) ® ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွန်း ၅/ရဘန(နိုင်)၀၉၉၀၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၂၁၉၁ Chin Dwin Wagon AKM -1, S/W (4×4) R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းသူ ၉/မနတ(နိုင်)၀၀၇၈၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စက်တင်ဘာလမှစပြီး SIM Card များ စိတ်ကြိုက်ဝယ်ယူနိုင်မည်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က

အများပြည်သူများ၏ ဆန္ဒအတိုင်း လာမည့် စက်တင်ဘာလလောက်မှစပြီး မြန်မာနိုင်ငံအတွင်း မိုဘိုင်းဖုန်း အော်ပရေတာလေးခုက အပြိုင်အဆိုင် ဝန်ဆောင်မှုပေးမည်ဖြစ်၍ ပြည်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာကုမ္ပဏီမှ ဆင်းကတ်များ ဈေးနှုန်းချိုသာစွာ စိတ်ကြိုက်ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ထိုကာလအတွင်း ပုံမှန်ပေးနေကျ တစ်လလျှင် ဆင်းကတ် (Sim Card)သုံးသိန်းခွဲကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် လကုန်ပိုင်းက ပြည်ပကုမ္ပဏီနှစ်ခုဖြစ်သော တယ်လီနောနှင့် အော်ရီဒူးတို့ကို ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ထုတ်ပေးလိုက်ပြီဖြစ်သည်။ မကြာမီကာလအတွင်း ပြည်တွင်းကုမ္ပဏီ တစ်ခုဖြစ်သည့် ရတနာပုံ တယ်လီပို့ကုမ္ပဏီကိုလည်း ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ထုတ်ပေးရန်စီစဉ်လျက်ရှိသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အပါအဝင် မိုဘိုင်းဖုန်း အော်ပရေတာလေးခု အထိ ရှိလာမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆင်းကတ်တစ်ခုကို တွေ့ရစဉ်။

တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီနှစ်ခုသည် လာမည့်ငါးနှစ်အတွင်း မြန်မာပြည်သူ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်ကို မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးရန် ကတိကဝတ်ပြုထားကြသည့် ကုမ္ပဏီများဖြစ်သည်။ တစ်ပြည်လုံးတွင် နေရာ ၈၀ ရာခိုင်နှုန်းဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ယင်းတို့သည် လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်မှစပြီး လူဦးရေ တစ်သန်းရှိသော မြို့များအားလုံးကို လွှမ်းခြုံဝန်ဆောင်မှုပေးရမည်ဖြစ်သည်။ လုပ်ငန်းစတင်ပြီး ပထမတစ်နှစ်အတွင်း ၎င်းကုမ္ပဏီနှစ်ခုက လူဦးရေတစ်သိန်းရှိသော မြို့တိုင်းကို မိုဘိုင်းဖုန်းလွှမ်းခြုံနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ စတင်ဆောင်ရွက်ပြီးနှစ်နှစ် အတွင်း မြို့အားလုံးကို မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းလွှမ်းခြုံနိုင်အောင် ၎င်းကုမ္ပဏီနှစ်ခုက ဆက်လက်ဆောင်ရွက်ပေးရန် ကတိကဝတ်ပြုထားကြောင်း သိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း အဆိုပါကုမ္ပဏီများနှင့်အပြိုင် ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုများပေးနိုင်ရန် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟုဆိုသည်။

၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ် တန်ဖိုးနည်း မိုဘိုင်းဖုန်း သုံးသိန်း ငါးသောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသန်းကျော်အပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း ခုနစ်သန်းကျော်အထိ ရောင်းချခဲ့ပြီး ဖြစ်သည်။

ဗန်းမောက်ရှိ ရွှေဂူတော်ဘုရားပြုပြင်ရန်လိုအပ်

ဗန်းမောက် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မဲဇာမြစ်ဖျားတွင်ရှိသည့် ခေါင်းတုံးကျေးရွာတွင်ရှိသောရွှေဂူတော်ဘုရားကြီးသည် နှစ်ကာလများရှည်ကြာခဲ့သည်နှင့်အမျှ ချွတ်ယွင်းပျက်စီးကာ ဘုရားကြီးမှာလည်း တောင်ပို့ပမာဖြစ်နေပြီး ချုံနွယ်များ လွှမ်းခြုံကာ အကျည်းတန်လျက်ဖြစ်နေသောကြောင့် ဒေသခံများနှင့်ပူးပေါင်းကာ သက်ဆိုင်ရာမှပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။

ယင်းဘုရားကြီးမှာ အိမ်ခြေ၁၀၀ ဝန်းကျင်ရှိသော ခေါင်းတုံးကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၃၀ ကာလက တည်ထားကိုးကွယ်ခဲ့သော ရွှေဂူတော်ဘုရားကြီးတစ်ဆူဖြစ်ပြီး ဗန်းမောက်မြို့နှင့် ၂၂ မိုင်အကွာ အဝေးရှိသောနေရာတွင် တည်ရှိကြောင်း သိရသည်။

"ရွှေဂူတော်ဘုရားကြီးကတော့ ချုံတွေလွှမ်းခြုံထားပါတယ်။ ကျွန်တော်တို့ဒေသခံတွေအနေနဲ့ ပြန်လည်ပြုပြင် ဆောင်ရွက်ရအောင်လည်း ငွေအင်အားနဲ့ လူအင်အားတွေမရှိဘူး။ ရွာမှာက အိမ်ခြေ ၁၀၀ လောက်ပဲရှိတာ။ ရှိတဲ့လူတွေကလည်း စားဝတ်နေရေးကြောင့် နေ့စဉ်ဆိုသလို ဝင်ငွေရှာနေကြရတယ်။ လယ်ချိန်မှာလယ်၊ အခင်းချိန်မှာအခင်း၊ ရာသီပေါ် သီးနှံတွေကို စိုက်ပျိုးလုပ်ကိုင်နေကြတာတွေလည်းရှိတယ်။ သူ့အလုပ်ကိုယ့်အလုပ်နဲ့ဆိုတော့ သမိုင်းဝင်ဘုရားကြီးကို ပြန်လည်ပြုပြင်ဖို့မလုပ်နိုင်ကြဘူး။ အဓိကကတော့ ငွေမတတ်နိုင်လို့ပါ"ဟု ဗန်းမောက်မြို့နယ် ယခင်ခေါင်းတုံး မြို့ဟောင်း၊ ယခု ခေါင်းတုံးကျေးရွာတွင် နေထိုင်သူ ဦးကျော်နိုင်က ပြောသည်။

လေပွေနီ(အင်းတော်)

နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်

သထုံ ဖေဖော်ဝါရီ ၈

သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာမဏ္ဍပ်၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီက သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သူဇာအောင်နှင့် အဖွဲ့ဝင်များသည်ဝင်းပကျေးရွာအတွင်းရှိ ပြည်သူများကို စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ၊ လူကုန်ကူးမှုဆိုင်ရာဗဟုသုတများ၊ သန်းခေါင်စာရင်းဆိုင်ရာဗဟုသုတများကို ဗီဒီယိုဖြင့်ပြသ၍ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ကျေးရွာအတွင်းရှိ လင်းအရုဏ်ဦးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝင်းပကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာမဏ္ဍပ်၌ ရေတွင်းဖြူကျေးရွာအတွင်းရှိ ပြည်သူများကို စာကြည့်တိုက်အသစ် တည်ဆောက်ရန်နှင့် အသိပညာဖွံ့ဖြိုးရေးအတွက် စာပေများများ ဖတ်ရှုလေ့လာရန်အတွက် ၎င်းသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဗဟုသုတများကို ထပ်မံ၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ခွန်(ဝင်းပ)

ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေထပ်ဆင့်ပေးအပ်၊ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

ဆီဆိုင် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ဘုရားဖြူကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေထပ်ဆင့်ပေးအပ်ပွဲနှင့် ရှေ့လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ဆွေးနွေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဘုရားဖြူကျောင်းကျောင်းအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် ပေးအပ်လာသော အလှူငွေကို နောင်ကျောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခွန်မောင်စိုးက အထက (ခွဲ)ဘုရားဖြူကျောင်းအတွက် ငွေကျပ်သိန်း ၄၇၅၀၀၀ တန်ဖိုးရှိ ရေလောင်းအိမ်သာ တစ်လုံးနှင့် အမက ဟော်တောင်ကျောင်းအတွက် ငွေကျပ်သိန်း ၄၇၅၀၀၀ တန်ဖိုးရှိ ရေလောင်းအိမ်သာ တစ်လုံးတို့ကို ထပ်ဆင့်ပေးအပ်ရာ အထက(ခွဲ) ဘုရားဖြူကျောင်းအကျိုးတော်ဆောင်နှင့် အမက ဟော်တောင်ကျောင်း အကျိုးတော်ဆောင်တို့က လက်ခံယူပြီး လုပ်ငန်းကိုမတ်လတွင် အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပ

မြို့သစ် ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသော သာလေးသာ သမိုင်းဝင်လှိုင်နံ့သာ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတွင် ဓမ္မသဘင်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ မြို့သစ်မြို့ မင်းရပ်ကွက်တွင် တည်ထားကိုးကွယ်လျက် ရှိသော လှိုင်နံ့သာစေတီတော် ရင်ပြင်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

ဂရန်အမည်ပေါက်မြေရောင်းမည်

မန္တလေး - မိုးကုတ် လမ်းမကြီးဘေး၊ အိုးဘိုလမ်းမထိပ်-ရွှေကျင်ကွေ့ တိုင်းရင်းဆေးတက္ကသိုလ်နှင့် DENKO ဆီ(ပန့်)ဆိုင်အနီး စတုရန်းပေ ၇၀၀၀ ကျော် ရေ၊ မီးအပြည့်အစုံ၊ အုတ်တံတိုင်းခတ်ပြီး။

ဆက်သွယ်ရန်ဖုန်း-၀၂-၃၃၄၀၈၊ ၀၉-၉၁၀၀၃၆၄၃

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ သရက်တောအုပ်စု၊ လယ်ကြီးရက်၊ ရန်ကုန်ခြံနှင့်အိမ် ရောင်းမည်

၁၉၀ ပတ်လည်တစ်ကွက်၊ ၁၈၀ ပတ်လည်တစ်ကွက်၊ တွဲလျက်။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၆၄၅၈၂၉၊ ၀၉-၄၃၁၁၄၁၀၃

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃B[၁]၊ မြေကွက်အမှတ် $\frac{၄၃၈F^{၃}}{A}$၊ မြေကွက်တည်နေရာအမှတ် ၁၅/၈၊ နတ်မောက်ရိပ်သာလမ်း၊ နတ်မောက်ရပ်ကွက် (ဒေါ်ခင်မြ၊ ဒေါ်အေးအေးသိန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ဌေးရင်(ခ)ဒေါ်ဌေးရင်)အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက် လေးဦးအနက် ဒေါ်အေးအေးသိန်းနှင့် ဒေါ်အေးအေးမြင့်တို့ ကွယ်လွန်၍ ပိုင်ဆိုင်ကြောင်း စာချုပ် ၁၅၇၀/၀၅ (၃-၅-၂၀၀၅) အရ ပိုင်ဆိုင်သူ ဒေါ်ခင်မြ ၁၂/တမန(နိုင်) ၀၃၆၇၂၁နှင့်ဒေါ်ခင်ဌေးရင်(ခ)ဒေါ်ဌေးရင် ၁၂/မဂတ(နိုင်)၀၁၀၉၅၃တို့ကိုယ်စား SP၁၀၈၃၂ (၂-၇-၂၀၁၃) နှင့် SP မရပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဦးအောင်ဖြိုးသိမ်း ၁၀/မလမ(နိုင်)၁၇၆၆၂၂မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၆၀၊ ကောင်းထက်ခိုင်ကုမ္ပဏီပိုင်ဝင်း တောင်ဘက်ခြမ်းတွင်တည်ရှိပြီး ဦးတင်ကိုလတ်မှ လက်ရှိလုပ်ကိုင်လျက်ရှိသော ဧရိယာ ၁ ဒသမ ၄၈ ဧကရှိ လယ်မြေအား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်အုန်းမြင့်(ခ)ဒေါ်ပိန်သေး ၁၂/ထတပ(နိုင်)၀၁၉၁၈၄ ကိုင်ဆောင်သူနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးတင်လှတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား မူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် (LL.B, D.B.L) (စဉ်-၇၆၅၂)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၂၊ စံပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ် ခ[၁]၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၆၄) ဟုခေါ်တွင်သည့် RC တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသောင်းစိန် ၁၂/ပဘတ(နိုင်)၀၀၉၀၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းပြည့်စိုး ၁၂/ဗဟန(နိုင်)၀၉၂၃၈၁ သည် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို(၆-၂-၂၀၁၄)ရက်စွဲပါ မြေနှင့်အဆောက်အအုံအရောင်းအဝယ်ပြုလုပ်ခြင်းအတွက် စရန်ငွေပေးကတိစာချုပ်ဖြင့် ပေးအပ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါပစ္စည်းစာရင်းနှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင် LL.B အထက်တန်းရှေ့နေ
Living Myanmar Real Estate
အတိုင်ပင်ခံရှေ့နေ
ဖုန်း-၅၇၁၁၅၄၊ ၀၉-၄၂၁၀၈၂၄၇၄၊

အမည်ပြောင်း

ဦးကျော်လင်း၏သား Great Light ကိုယ်ပိုင်အထက်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ န၀မတန်း(B)မှ မောင်ကောင်းမြတ်ကျော်အား ယနေ့မှစ၍ မောင်ဇော်လင်းထက်ဟု ခေါ်ပါရန်။ **မောင်ဇော်လင်းထက်**

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့် အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄၅၈

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (၎င်းကိုယ်စား-ဒေါ်သန်းသန်းအေး) (လက်ထောက်အထွေထွေမန်နေဂျာ) **နှင့်**

၁။ ဒေါ်အေးဝင်း
အမှတ် ၄၃/၄၅၊ဒုတိယထပ်၊ သုံးလွှာ၊ ခေါင်းရင်းခန်း၊ မန္တလေးလမ်း၊ ကန်တော်ကလေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂။ ဦးခင်မောင်ဦး
၃။ ဒေါ်ရီရီမြင့်
အမှတ် ၄၃/၄၅၊ ခြောက်လွှာ၊ ခေါင်းရင်းခန်း၊ မန္တလေးလမ်း၊ ကန်တော်လေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၇၇/၂၀၁၂ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူများ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူကပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင်တို့အတွက်ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကိုသင်တို့၏ မျက်ကွယ်တွင်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးတရားလွှတ်တော်

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ
(၂၀၁၄ခုနှစ်၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။)
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်)
(၂၀၁၄ ခုနှစ်၊ဖေဖော်ဝါရီလ ၆ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရှေးဦးအရွယ်ကလေးသူငယ်**ဆိုသည်မှာ မွေးကင်းစမှ အသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိရှိသူကိုဆိုသည်။

(ခ) **နေ့ကလေးထိန်းဌာန** ဆိုသည်မှာ အသက်ခြောက်လပြည့်ပြီး အသက်သုံးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊စိတ်လှုပ်ရှားခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် ပြုစုပျိုးထောင်ပေးသော ဌာန၊ကျောင်းသို့မဟုတ် လုပ်ငန်းကိုဆိုသည်။

(ဂ) **မူလတန်းကြိုကျောင်း**ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသောသူများအား ကာယ၊ဉာဏ၊ စာရိတ္တ၊လူမှုဆက်ဆံရေး၊စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပြုစုပျိုးထောင် လေ့ကျင့်ပေးသော ဌာန၊ကျောင်းသို့မဟုတ် လုပ်ငန်းကိုဆိုသည်။

(ဃ) **သုံးနှစ်မပြည့်မီ ကလေးများပြုစုပျိုးထောင်ရေးလမ်းညွှန်** ဆိုသည်မှာ အသက်သုံးနှစ်မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များ၏ ကာယ၊ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် ဝန်ကြီးဌာနက ထုတ်ပြန်သော လမ်းညွှန်ချက်ကို ဆိုသည်။

(င) **မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်း** ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပြုစုပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရေးအတွက်ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကိုဆိုသည်။

(စ) **မူလတန်းကြိုအတန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက ပညာရေးမြှင့်တင်မှုအစီအစဉ်အရ အခြေခံပညာကျောင်းများတွင် တွဲဖက်ဖွင့်လှစ်ထားသော မူလတန်းကြိုအတန်းကိုဆိုသည်။

(ဆ) **ရပ်ရွာအခြေပြုလုပ်ငန်း**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် ပြည်သူလူထုက မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းတွင် ဆောင်ရွက်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကိုဆိုသည်။

(ဇ) **အိမ်အခြေပြုလုပ်ငန်း**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် စေတနာ့ဝန်ထမ်း မိခင်တစ်ဦး သို့မဟုတ် မိခင်များက အနီးပတ်ဝန်းကျင်ရှိ ရှေးဦးအရွယ်ကလေးသူငယ်တို့ကို အိမ်တစ်အိမ်တွင်စုစည်း၍ လုံခြုံစိတ်ချရသောနေရာနှင့်လှုံ့ဆော်မှုကောင်းသော သင်ယူမှုပတ်ဝန်းကျင်တို့ကို ဖန်တီးပြီး ဆောင်ရွက်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကိုဆိုသည်။

(ဈ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ နေ့ကလေးထိန်းဌာနကို ဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ မှတ်ပုံတင်ပြီး ဤဥပဒေအရ ထုတ်ပေးသောခွင့်ပြုမိန့်ကိုဆိုသည်။

(ည) **ခွင့်ပြုချက်** ဆိုသည်မှာ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်ခွင့်ပြုကြောင်း ဤ ဥပဒေအရထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်။

(ဍ) **ဗဟိုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(ဎ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဦးအရွယ်ကလေးသူငယ်များကို မှန်ကန်သောအသိစိတ်ဓာတ် အခြေခံသည့် ကာယ၊ဉာဏ၊စာရိတ္တ၊လူမှုဆက်ဆံရေးစသည်များ ဘက်စုံဖွံ့ဖြိုးစေရေးအတွက် ကလေးသူငယ်ဖွံ့ဖြိုးရေး စံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ရန်၊

(ခ) နိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင် ဖွင့်လှစ်နိုင်ရန်နှင့်ကလေးသူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ဂ) ပြည်တွင်းပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများကို စနစ်တကျတည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်းအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊

(ဃ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ်များအား အခြေခံကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့်ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရန်။

အခန်း(၃)
ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်

(၉) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူအညီနှင့် အသိပညာပေးရေးတို့အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို မြို့များတွင်သာမက ကျေးရွာများအထိပါ နိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့်သင့်လျော်သော အကူအညီနှင့်အထောက်အပံ့များပေးခြင်း၊

(ဂ) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) ပြည်ပမှပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့်အိမ်အခြေပြုလုပ်ငန်းများအား ခွင့်ပြုချက်များထုတ်ပေးခြင်း၊

(စ) ပြည်တွင်းပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သော နေ့ကလေးထိန်းဌာနနှင့်မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့်အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ်များအား အခြေခံကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် အကူအညီပေးရေးအတွက် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ရှေးဦးအရွယ်ကလေးသူငယ်များအား ဖြည့်စွက်အာဟာရကျွေးမွေးမှု အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်းနှင့် အမြွှာပူးကလေး မွေးဖွားသည့် မိခင်နှင့် ကလေးများအား သင့်လျော်သည့်အကူအညီအထောက်အပံ့များပေးခြင်း၊

(ဈ) ဤဥပဒေအရ ထူထောင်သော ရန်ပုံငွေကိုရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတို့၌ လိုအပ်သလို ခွဲဝေအသုံးပြုခွင့်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း။

အခန်း(၄)
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး-

(က) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်ကတာဝန် ပေးအပ်သော ဝန်ကြီးတစ်ဦး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်သာသနာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၈) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း များမှကိုယ်စားလှယ်များ — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူး — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူအညီနှင့် အသိပညာပေးရေးတို့အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့ကလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့ကလည်းကောင်း ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြု လုပ်ငန်းနှင့်အိမ်အခြေပြု လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း။

အခန်း(၅)
နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ

၈။ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး-

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ထားသော သက်တမ်းနှင့်စည်းကမ်းချက်များအတိုင်း ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်းမပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဃ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)အရ တင်ပြသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ တည်ထောင်ခွင့်ပြုမိန့်ကို ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်း မပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြား အခကြေးငွေတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုသည့်အခါ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၁၃။ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။

စာမျက်နှာ ၂၀ သို့

ဥပဒေ

စာမျက်နှာ ၁၉ မှ

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၁၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး-

(က) တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါကတည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ပေးခြင်းမပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၁၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ တင်ပြလာသော တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေပြီး ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

အခန်း(၆)
နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများအတွက် သတ်မှတ်ချက်များ

၁၇။ နေ့ကလေးထိန်းဌာနဖွင့်လှစ်ရာတွင်-

(က) တာဝန်ခံကျောင်းအုပ်သည် အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင် အစိုးရ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာ ဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနကလက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) တာဝန်ခံကျောင်းအုပ်နှင့် အနည်းဆုံး ဆရာတစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံသော အသက်သုံးနှစ် မပြည့်သေးသူများ ပြုစုပျိုးထောင်ရေး၊ သင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ဂ) သုံးနှစ်မပြည့်မီကလေးများ ပြုစုပျိုးထောင်ရေးလမ်းညွှန်အပြင် သီးခြားညွှန်ကြားချက်များနှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရမည်။

(ဃ) အသက်တစ်နှစ်မပြည့်သေးသူများအတွက် အိပ်ရန်နေရာ၊ ကစားရန်နေရာနှင့် ပစ္စည်းများစီစဉ်ထားရှိရမည့်အပြင် အသက်သုံးနှစ်မပြည့်သေးသူများအတွက်လည်း သင့်လျော်သော နေရာနှင့် ပစ္စည်းများ စီစဉ်ထားရှိရမည်။

(င) အသက်နှစ်နှစ်အောက် ကလေးသုံးဦးလျှင် ဆရာတစ်ဦး၊ အသက်နှစ်နှစ်မှ သုံးနှစ်အထိ ကလေးခြောက်ဦးလျှင် ဆရာတစ်ဦးရှိရမည်။

(စ) နေ့ကလေးထိန်းဌာန ဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးအရွယ် ကလေးသူငယ်တစ်ဦးစီအတွက် အနည်းဆုံး ဧရိယာပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်။

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သောအချက်များနှင့် ညီညွတ်ရမည်။

၁၈။ မူလတန်းကြိုကျောင်းဖွင့်လှစ်ရာတွင်-

(က) တာဝန်ခံကျောင်းအုပ်သည် အသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည့်အပြင် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာ ဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) တာဝန်ခံကျောင်းအုပ်နှင့် အနည်းဆုံးဆရာတစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံသော မူလတန်းကြိုဆရာသင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ဂ) မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲ၊ သီးခြားညွှန်ကြားချက်များနှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရမည်။

(ဃ) အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေး ၁၅ ဦးလျှင် ဆရာတစ်ဦး ရှိရမည်။

(င) မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးအရွယ် ကလေးသူငယ်တစ်ဦးစီအတွက် အနည်းဆုံးဧရိယာပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်။

(စ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အချက်များနှင့် ညီညွတ်ရမည်။

အခန်း(၇)
ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ

၁၉။ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၀ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး-

(၁) ပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(၂) ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်း ချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ်(၂)အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဉ် ကြေး ပေးသွင်းစေရမည်။

(ခ) ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေး ပေးသွင်းစေရမည်။

(ဂ) ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၂၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းတို့ကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုသည့်အခါ ခွင့်ပြုချက် သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၄။ ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုလျှင် ခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး-

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကတင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်လျှင် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၂၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)အရ တင်ပြသော သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်းမပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၂၈။ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများဆောင်ရွက်ရာတွင်-

(က) ရပ်ရွာအတွင်းရှိ ရှေးဦးအရွယ်ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးကို ဦးတည်၍ ပြုစုပျိုးထောင်လေ့ကျင့်ပေးသည့် လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) တာဝန်ခံဆောင်ရွက်သူသည် အနည်းဆုံးအခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) ရပ်ရွာအတွင်းရှိ ကလေးပြုစုစောင့်ရှောက်သည့်နေရာ သို့မဟုတ် နေအိမ်သည် သပ်ရပ်လုံခြုံမှုရှိပြီး သင့်တင့်သော အကျယ်အဝန်းရှိရမည်။

(ဃ) သန့်ရှင်းကောင်းမွန်သော ရေအိမ်စနစ်ရှိရမည်။

(င) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အချက်များနှင့်ညီညွတ်ရမည်။

အခန်း(၈)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့်ပုဒ်မ ၂၈ တို့ပါ သက်ဆိုင်ရာသတ်မှတ်ချက် တစ်ရပ်ရပ်ကိုလိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၈ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

အခန်း(၉)
အယူခံခြင်း

၃၁။ (က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့်နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာ အခြေပြု လုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉ အရ ချမှတ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၂။ (က) ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ပမှပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့်နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၃၀ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၀)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း နေ့ကလေးထိန်းဌာနသို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း၊

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်-

(က) ခွင့်ပြုချက်မရရှိဘဲ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ခ) ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းလည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဆောင်ရွက်ခြင်း။

အခန်း(၁၁)
ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၃၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) နေ့ကလေးထိန်းဌာန မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည်-

(၁) ဤဥပဒေအရ ပေးသွင်းသည့်မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေး အမိန့်အရချမှတ်သည့် ဒဏ်ကြေးနှင့်အခြားအခကြေးငွေများ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ခ) ယင်းရန်ပုံငွေများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့်သုံးစွဲနိုင်သည်။

၃၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း၊စည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

အခန်း(၁၂)
အထွေထွေ

၃၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပမှ စေတနာရှင်များက နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းထောက်ပံ့သည့် ငွေကြေး၊ ပစ္စည်းများနှင့်နည်းပညာများကို လုပ်ငန်းစီမံချက်များနှင့်အညီ ထိရောက်စွာ အသုံးပြုရမည်။

၃၈။ လူမှုဝန်ထမ်းဦးစီးဌာနက တည်ဆဲကလေးသူငယ်ဥပဒေများအရ မှတ်ပုံတင် အသိအမှတ်ပြုထားသည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို ဆက်လက်တည်ထောင်ဖွင့်လှစ်လိုသူသည် ဤဥပဒေပြဋ္ဌာန်းပြီးနောက် ရက်ပေါင်း ၃၀အတွင်း ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်ကို လျှောက်ထားရယူရမည်။

၃၉။ ဤဥပဒေပါပြစ်မှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၄၀။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်လူမှုဝန်ထမ်းဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး၊ မြေကွက်အမှတ် ၁၁၅၊ မြေကွက် တည်နေရာအမှတ် ၄၊ ဘန္ဓာပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးစိန်မင်းနှင့် ဒေါ်စောလှ အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိန်မင်း ကွယ်လွန်သဖြင့် ဒေါ်စောလှ(ခ)လင်ရှတ်အိန် ၁၂/ကမတ(နိုင်)၀၅၁၅၆၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၇၂၅၊ မြေကွက် တည်နေရာအမှတ် ၂၆၊ မာလာမြိုင် ၃ လမ်း၊ ၁၆ ရပ်ကွက်၊ ဦးခင်မောင်သန်း အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ဖခင် ဦးခင်မောင်သန်း၊ မိခင် ဒေါ်ခင်ငြိမ်း ကွယ်လွန်သဖြင့် ဒေါ်မြနှစ် ၁၂/လမန(နိုင်)၀၁၈၄၂၉၊ ဒေါ်နွယ်နီခိုင် ၁၂/လမန(နိုင်)၀၂၄၉၆၈၊ ဦးဌေးနိုင် ၁၂/လမန(နိုင်)၀၈၅၇၁၅၊ ဒေါ်ချိုချိုမာ ၁၂/လမန(နိုင်)၀၂၈၀၇၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းကိုယ်တိုင်နှင့် ဒေါ်ချိုချိုမာ၊ ဒေါ်မြနှစ်၊ ဒေါ်နွယ်နီခိုင်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၄၂/၂-၁၂-၂၀၁၃ဖြင့် ရသူ ဦးဌေးနိုင်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ၃(ခ)၊ မြေကွက်တည်နေရာအမှတ် ၃(ခ)၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ် ဦးတင်ထွန်းအောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်းအောင် ၁၂/အစန(နိုင်)၁၅၂၃၉၂ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
(ဦးပိုက်)-ဒေါ်ကြည်ဌေးတို့၏သား

မောင်မျိုးကို

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဗိုလ်မှူးစိုးသန်း(ငြိမ်း) (Air Bagan)-ဒေါ်ချိုချိုလွင်တို့၏သမီး

မခင်ငြိမ်းချမ်း

တို့သည် ၂၀၁၄ ဖေဖော်ဝါရီ ၇ရက်တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးကို-မခင်ငြိမ်းချမ်း

စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၅၅ရှိ ခြောက်လွှာ/ဘီ (ခြေရင်းခန်း) ပေ(၁၃×၆၀) တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးမြသန်း ၁၂/အစန(နိုင်)၀၅၈၇၂၁နှင့် ဇနီးဖြစ်သူ ဒေါ်နော်သောထူး ၁၂/အစန(နိုင်)၀၅၇၄၂၉တို့ထံမှ အပြောက်စနစ်ဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ (၁၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁
Email: hponemyint007@gmail.com

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မာဃ ၁၂ လမ်း၊ မြေကွက်အမှတ် ၉၀၃/ခ၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်၏ (ခေါင်းရင်းဘက်ခြမ်း) အကျယ်အဝန်းပေ(၁၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အုတ်ညှပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းထွန်းဦး၁၂/ဥကတ(နိုင်)၁၆၃၈၉၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင်းဝင်းနိုင် ၁၂/သဃက(နိုင်)၀၂၄၁၁၅က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်ပတ်သက် ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေမျိုးထွဋ်	**ဦးအောင်ကျော်မြင့်**
အထက်တန်းရှေ့နေ (စဉ်-၂၉၉၄၃)	**အထက်တန်းရှေ့နေ (စဉ်-၃၈၃၇၁)**
LL.B., Diploma in Business Law	**LL.B., B.Sc (Engg)(EC)**

Pioneer Law Firm
အမှတ် ၁၃၂/အေ၊ အခန်း ၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၄၆၂၁၆၊ ၀၉-၄၂၀၁၀၅၁၈၁

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	Sales Manager	Male	(2) Post
၂။	Sales Supervisor	Male/Female	(10) Post
၃။	Sales Representative	Male/ Female (35+15)	(50) Post
၄။	Sales Administrator	Female	(3) Post
၅။	Marketing Assistant	Male/ Female	(2) Post
၆။	Marketing Coordinator	Male/ Female	(3) Post
၇။	Accountant/ Assit: Accountant	Female	(10) Post
၈။	Auditor	Female	(3) Post
၉။	Driver	Male	(10) Post
၁၀။	Mechanic	Male	(2) Post

အမှတ်စဉ်(၁)အတွက် ဘွဲ့ရနှင့်အရောင်းပိုင်း၊ အုပ်ချုပ်မှုပိုင်း အတွေ့အကြုံရှိရမည်။ Sales Force Management ကျွမ်းကျင်ပြီး အရောင်းအဖွဲ့များကို ဦးဆောင်ကာ အရောင်းဖော်ဆောင်နိုင်သူဖြစ်ရမည်။ နယ်ခရီးသွားလာနိုင်ရမည်။

အမှတ်စဉ်(၂)အတွက် FMCG လိုင်းတွင် Sales Force Management ကျွမ်းကျင်ပြီး အရောင်းအဖွဲ့ခွဲများကို ဦးဆောင်ကာ အရောင်းဖော်ဆောင်နိုင်သူဖြစ်ရမည်။ အချိန်မရွေး နယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။ ဘွဲ့ရရှိသူဖြစ်ပြီး အသက် (၃၀) အထက်ရှိသူဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် FMCG လိုင်း အရောင်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။ အသက် (၂၀ မှ ၃၀)အတွင်းဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ Male (35) / Femal (15)

အမှတ်စဉ် (၄) အတွက် ဘွဲ့ရ၊ Computer (Excel, Word, Page Maker) ပိုင်းကျွမ်းကျင်ပြီး အရောင်းစာရင်းများကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်ထိန်းသိမ်းနိုင်ရမည်။ ဆက်ဆံရေးပိုင်းအထူးကောင်းမွန်သူဖြစ်ရမည်။

အမှတ်စဉ်(၅+၆)အတွက် ဘွဲ့ရ FMCG လိုင်းတွင် Marketing အတွေ့အကြုံ အနည်းဆုံးတစ်နှစ်ရှိရမည်။

အမှတ်စဉ်(၇)အတွက် B.Com (or) DA (or) B.Act. (or) LCCI Level (II, III) အောင်မြင်ပြီးသူ ဖြစ်ရမည်။ အသက် (၃၅)နှစ်အောက်၊ Computer Accounting နှင့် Soft Ware ပိုင်းနားလည်ကျွမ်းကျင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

အမှတ်စဉ် (၈)အတွက် B.Com (or) DA ဘွဲ့လက်မှတ်ရရှိပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်။ အသက် (၃၀ မှ ၄၅)နှစ်အတွင်းဖြစ်ရမည်။ ကျွမ်းကျင်လုပ်သက်ရှိပါက အသက်အပိုင်းအခြားအား လျှော့ပေါ့စဉ်းစားပေးမည်။

အမှတ်စဉ်(၉)အတွက် ယာဉ်မောင်းလိုင်စင် (အနီ/အနက်) ကိုင်ဆောင်သူဖြစ်ပြီး ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။ အချိန်မရွေးနယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။ အသက် (၃၀မှ ၅၀)အတွင်း ရှိသူဖြစ်ရမည်။

အမှတ်စဉ်(၁၀)အတွက် စက်ပြင်လုပ်ငန်းအတွေ့အကြုံရှိရမည်။ ယာဉ် မောင်းနှင်နိုင်ရမည်။ လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။

လျှောက်ထားသူများသည် ရိုးသား၍ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ပြီး CV Form၊ ရောင်စုံလိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်အတွင်း အကျင့်စာရိတ္တကောင်းမွန်စွာနေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ(မူရင်း)၊ ရဲစခန်းထောက်ခံစာ(မူရင်း)၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(ရွေးချယ်ခြင်းမခံရသော အလုပ်လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။)

United Pacific Co.,Ltd.
အမှတ် (၇၉)၊ အုတ်ပုံဆိပ်လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၅၂၈၈၈၊ ၆၅၆၂၉၃၊ ၆၅၆၃၂၂

၁၉၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သော
မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး (B.B.M.A)

အမှတ်(၁၈၇/၁၈၉)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

(၉၁)ကြိမ်မြောက် ပဋ္ဌိကတ်တော်အလှူပွဲကြီး
နှိုးဆော်စာ
သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ
(အလှူအားလုံးတွင် တရားအလှူသည် အမြတ်ဆုံး)

မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီးသည် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ် ခရစ်နှစ် ၂၀၁၃ခုနှစ် ကြီးမှူးကျင်းပပြီးခဲ့သော တိပိဋကရေစာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပဋ္ဌမပြန်စာမေးပွဲများတွင် မြန်မာပြည်တစ်နိုင်ငံလုံး ထူးချွန်စွာအောင်မြင်ခဲ့သော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများကို (BBMA) အသင်းကြီးမှကြီးမှူး၍ ရှေးအစဉ်အလာမပျက် ချီးကျူးပူဇော်ပွဲကျင်းပမည်ဖြစ်ပါသောကြောင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၁။ သံဃာဆရာတော်များ၊ သီလရှင်ဆရာကြီးများကို တစ်ပါးလျှင် **ငွေသား ကျပ်တစ်သိန်းငါးသောင်း(၁၅၀၀၀၀ိ/)**တန်ဖိုးရှိ ကျမ်းစာအုပ်များနှင့် လက်ဆွဲအိတ်(၁)လုံးစီကို သတ်မှတ်ထားပါ၍ လှူဒါန်းပူဇော်နိုင်ပါသည်။

၂။ သံဃာတော်များ၊ သီလရှင်ဆရာကြီးများအတွက် တစ်ပါးလျှင် ဆွမ်းစရိတ် **ငွေကျပ်တစ်သောင်း(၁၀၀၀၀ိ/-)**သတ်မှတ်ထားပါ၍ လှူဒါန်းနိုင်ပါသည်။

၃။ သံဃာတော်များ၊ သီလရှင်ဆရာကြီးများသည် ရပ်ဝေးဒေသမှ ကြွရောက်ရပါသောကြောင့် သွားပြန်ခရီးစရိတ်များကို သဒ္ဓါတတ်အားထက်သန်သရွေ့ လှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်များသည် **၂၈-၂-၂၀၁၄ ရက်** နောက်ဆုံးထားလျက် အသင်းတိုက်တည်ရှိရာ အမှတ်(၁၈၇/၁၈၉)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ ကြွရောက်စာရင်းပေးသွင်း လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သာသနာတော်ကြီးအဓွန့်ရှည်တည်တံ့ပါစေ။

(၉၁)ကြိမ်မြောက် ပိဋကတ်တော်ပူဇော်ပွဲကျင်းပရေးကော်မတီ

ဦးသန့်ဇင်မြင့်
အကျိုးတော်ဆောင်ချုပ်
ဖုန်း-၀၉-၂၅၄၁၃၄၅၄၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် ၄၈၈/ခ၊ မြေကွက်တည်နေရာအမှတ် ၄၈၈/ခ၊ မင်းရဲကျော်စွာ ၁ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးကျော်သောင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်သောင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ဘီဘီ ၁၂/ဥကတ(နိုင်)၁၂၄၅၇၃ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၂/တိုးချဲ့)၊ မြေကွက်အမှတ်(၁၅၇)၊ အကျယ်အဝန်း(ပေ ၂၀×ပေ၆၀)ရှိ ပါမစ်မြေကွက်အား ဒေါ်လှဲလှဲဆွေ ၁၂/တမန(နိုင်)၀၂၂၄၉၅ ထံမှ ဦးခင်မောင်ထွန်း ၁၂/တမန(နိုင်)၀၀၀၆၂၄ သည် ဝယ်ယူမည်ဖြစ်ပါသောကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း အောက်ပါဖုန်းနံပါတ်အား ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဦးခင်မောင်ထွန်း
ဖုန်း-၀၉-၇၃၂၂၄၈၉၆

ကိုရီးယားဘာသာသင်တန်းကျောင်း

ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် ....

ဦးမင်းသူ - ဒေါ်မော်မော်စန်း (B.A)Korean YUFL

အခြေခံနှင့် EPS-TOPIK သင်တန်းများ၊ အမျိုးသမီးများအတွက် စကားပြောသင်တန်းများကို လက်ခံသင်ကြားပေးနေပါသည်။

သင်တန်းနေရာ

Center 1 :(၃၈၆)၊ မိဘသီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း ၀၉-၈၆၁၀၇၄၄၊ ၀၉-၄၂၀၇၁၀၈၇

Center 2 :တိုက်(၁၂)၊ သမိုင်းလမ်းဆုံ၊ ရန်ကုန်-အင်းစိန်လမ်းမ၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၂၀၄၅၄၄၇၊ ၀၁-၆၅၀၀၅၅

007 ဂျီမ်းစ်ဘွန်းစတိုင် ကားခြေရာခံစက်



(အချိန်ပိုင်းငှားပေးသည်။)

⇨ ကားရောက်နေသည့် နေရာကို ချက်ခြင်းသိခြင်း။
⇨ ကားသွားနေသည်ကို အချိန်နှင့် တပြေးညီ လိုက်ကြည့်နိုင်ခြင်း။
⇨ ယခင်က သိမ်းမှ ယခု ၂ သိန်းခွဲ သာကျသင့်ခြင်း။
⇨ GSM SIM Card မထည့်လည်း ကားသွားခဲ့သည့်နေရာ ကြည့်နိုင်ခြင်း။
⇨ GSM SIM Card ပါပြီး တပ်ဆင်သုံးစွဲရုံသာ။

မိမိကားအားစမ်းသပ်သုံးစွဲနိုင်ပါပြီ။ လက်စပျောက်လျှို့ဝှက်တပ်ဆင်ပေးသည်။

Tel: 20 40 20, 24 52 30,09 50-30177, facebook.com/DPSMyanmar

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

အမှတ် (၆၅)၊ (၄-လွှာ)၊ ခြေရင်းခန်း၊ ကျောင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အလျား ၁၅' × အနံ ၆၅' ရှိ တိုက်ခန်း၊ ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တန်ထမ်းကိုကြိုတာ ဦးလှရွှေထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဥမ္မာ (၁၂/ တတန(နိုင်) ၀၁၃၁၈၉) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့ မိတ်ဆွေက တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့် နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစိန်လှ B.A, B.L, DIR, DMA (စဉ် - ၉၂၃)	ဒေါ်ချိုချိုဝင်း LL.B., DBL (စဉ်-၆၉၁၂)
(ဒီပြေမြို့ဝတ် နှင့် တရားလွှတ်တော်ရှေ့နေ)	(တရားလွှတ်တော်ရှေ့နေ)

ဒေါ်ဝါဝါလှိုင် LL.B., DBL, DIR (စဉ်-၄၀၂၀၀) အထက်တန်းရှေ့နေ

အမှတ် (၉၀)၊ အခန်း (A-၂၀)၊ ပထမ ဘက်လမ်းကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၄၅၀၃၂၊ ၀၉၅၀၃၃၃၁၂

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်

အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၂၅၇

ဒေါ်ချောချောမူ **နှင့်** မမြဝင်းမော်(ခ)မဟေမာန်
အမှတ် ၃၆၃၊ အောက်ကြည့်မြင်တိုင်လမ်း၊
စောရန်ပိုင်(မြောက်)ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လျှောက်ထားသူ **လျှောက်ထားခံရသူ**

၂၀၁၃ ခုနှစ် မေ ၁၇ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၇၆/၂၀၁၂ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ မမြဝင်းမော်(ခ)မဟေမာန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော်၁၀ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ရှေ့ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးတရားလွှတ်တော်

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၀

ကွယ်လွန်သူ အေအီးအချားကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု
ဦးနာစီလ် **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ အကွက်အမှတ် ၅၉၂တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ အေအီးအချားကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ရရှိထားသူ ဦးနာစီလ်က ၎င်းထိန်းသိမ်းခွင့်ရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်မင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂အိပ်ချ်၊ မြေကွက်အမှတ် ၈၁၊ ၈၂နှင့် ၈၃တို့နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အဆောက်အအုံ သွပ်မိုး၊ သွပ်ကာ၊ တမံသလင်းခင်း တန်းလျားအဆောက်အအုံကို ထုခွဲရောင်းချပိုင်ခွင့်၊ မြေပုံမြေရာဇဝင်ကူးယူခွင့်၊ မြေခွဲဝေခွင့်၊ အမည်ပြောင်းလျှောက်ထားခွင့်၊ အဆောက်အအုံ ဆောက်လုပ်ခွင့်၊ ပေါင်နှံပေးကမ်း၊ ငှားရမ်းခွင့်၊ လွှဲပြောင်းခွင့် အခြားတစ်နည်းနည်း လွှဲပြောင်းခွင့်တို့အတွက် အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် တပို့တွဲလကွယ်နေ့)နံနက် ၁၀ နာရီတွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်၍ ထိုကွယ်လွန်သူ အေအီးအချားကျန်ရှိရစ်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အမှုတွင် လာရောက်အမှုဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျ လွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးနာစီလ်၏ လျှောက်ထားလွှာအား ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မာဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)

ချမ်းမြသာစည်မြို့နယ်တရားရုံးတော်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၆

ဒေါ်ခင်ခင်အေး **နှင့်** ဦးမြင့်ဆွေ

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ၇၄×၇၅ကြား၊ ၃၃×၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဦးမြင့်ဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် (ခ-၆)၊ ဦးပိုင်(၃၆)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း၊ မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်(၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်နိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကို ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ဘားအံခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၈

ဦးအောင်မြဝင်း **နှင့်** ၁။ ဦးတင်ဝင်း ၂။ ဒေါ်ကြည်ကြည်ခိုင်
၃။ ဦးရဲဝင်း ၄။ ဒေါ်အေးအေးခိုင်

တရားနိုင် **တရားရှုံးများ**

ဘားအံခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၂၃/၂၀၁၁တွင် ချမှတ်ထားသော အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၁၄ခုနှစ် မတ် ၄ ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့၌ လေလံတင်ရောင်းချမည်ဖြစ်၍ လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ် အဖြစ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

(၁) ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဈေးဟောင်းအကွက်၊ ဦးပိုင်အမှတ်၄၉/၁၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၂၅ ဧကရှိမြေကွက်၊
(၂) ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၂/၄၄၄ ဟု အမည်တွင်သည့် တိုက်ခန်းနေအိမ်တစ်လုံး။

လေလံတင်ရောင်းချမည့်ကြမ်းခင်းဈေး

(၁) အမှတ်စဉ်(၁)(၂)ပါ ပစ္စည်းအတွက် လေလံကြမ်းခင်းဈေး
ကျပ်သိန်း-၃၀၀၀(ကျပ်သိန်းသုံးထောင်တိတိ)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ဘက်မှ တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ကျပ်၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုကဲ့သို့ပေးသွင်းခြင်းမပြုလုပ်လျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
(၅) လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
(၆) လေလံကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သောနေ့တွင် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
(၈) ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းသွင်)
ခရိုင်တရားသူကြီး၊ ဘားအံခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၃/စက်မှုဇုန်၊ မြေကွက်အမှတ်(၁၄၀၉+၁၄၁၀)၊မြေကွက်တည်နေရာအမှတ်(၁၄၀၉+၁၄၁၀)၊ လသာလမ်း၊ (၆၃)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်ရှုကင်း ၁၂/တမန(နိုင်)၀၈၃၆၂၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ရှုကင်း၊ ဖခင် ဦးဝင်းဟန်တို့ ကွယ်လွန်၍ ဒေါ်ခင်မျိုးနိုင် ၁၂/တမန(နိုင်)၀၀၃၅၅၀၊ ဒေါ်အေးအေးဟန်၁၂/တမန(နိုင်) ၁၀၁၀၀၃၊ ဦးညဏ်မျိုးထွဋ်၁၂/တမန(နိုင်)၁၀၁၀၀၂၊ ဦးညဏ်မျိုးတင့် ၁၂/တမန(နိုင်)၀၉၃၅၄၇တို့က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/သမိုင်း၊ မြေကွက်အမှတ် ၂၁၈၏အစိတ်အပိုင်း (၇၇×၄၃'/၃၀')မြေကွက်တည်နေရာအမှတ် ၁၅၀၊ ပြည်လမ်းနှင့် ဘောဂလမ်းထောင့်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်အုန်းခင်အမည်ပေါက် အယ်လ်အငှားဂရန်(သက်ကုန်) မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်လာသူ ဒေါ်ရွှင်မေ(ခ)ဒေါ်ခင်အိထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးအောင်ဝင်းမှ (တရားလို)ပြုလုပ်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးလိုမှုဖြင့် ဒေါ်ရွှင်မေ(ခ)ဒေါ်ခင်အိအား (တရားပြိုင်)ထားရှိပြီး မရမ်းကုန်းမြို့နယ် တရားရုံးမှ တရားမကြီးမှုအမှတ် ၂၂/၂၀၁၁ဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အနိုင်ဒီကရီရရှိခဲ့ပါသဖြင့် တရားမဇာရီမှုအမှတ် ၅၂/၂၀၁၁ဖြင့် အတည်ပြုခဲ့ပြီး တရားရှုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်)၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးဒီကရီအထောက်အထားများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၇၁၊ မြေကွက်တည်နေရာအမှတ် ၇၁၊ ဂန္ဓာမာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးသန်းအောင်၊ ဒေါ်မြရီ(ခ)ဝမ်ငုတ်ရီ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသက်လွင်(ခ)ဦးငွေးမြတ်၊ ဒေါ်သီတာရီ အမည်ပေါက် လေးဦးအနက် ဦးသန်းအောင်မှာ ၁၆-၂-၂၀၁၁ရက်တွင် လူပျိုကြီးဘဝဖြင့်ကွယ်လွန်ခဲ့ပြီး ဖခင်ဦးဝါပတ်မွန်မှာ ၁၅-၇-၂၀၀၀ ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်ထွေးလှိုင်မှာ ၃၁-၅-၁၉၆၈တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်အမည်ပေါက်များဖြစ်ကြသည့် ဒေါ်ဝမ်ငုတ်ရီ(ခ)ဒေါ်မြရီ ၁၂/မရက(ဧည့်)၀၀၀၀၉၅၊ ဦးသက်လွင်(ခ)ဦးငွေးမြတ် ၁၂/မရက(ဧည့်) ၀၀၀၀၉၇၊ ဒေါ်သီတာရီ ၁၂/မရက(ဧည့်) ၀၀၀၀၉၈တို့မှ အစ်ကို၊ မောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီးဘေး
အန္တရာယ်
အစဉ်
သတိပြု
ကာကွယ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း

အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်။ (၉၁)လမ်း၊ အမှတ်(၁၀၆) (လေးလွှာ-ဘီ)နေ ဦးတင်မြ၏ဇနီး ဦးမောင်မောင်အောင် (U Hla Tun & Associates Limited.) ဒေါ်အေးအေးခင်တို့၏မိခင် ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်ရန်လင်း အသက်(၆၈)နှစ်သည် ၄-၂-၂၀၁၄ရက် ည ၇း၀၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်ထူဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊
ရန်ကုန်၊ မန္တလေး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း

အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ ၉၁လမ်း၊ အမှတ် ၁၀၆ (လေးလွှာ-ဘီ) နေ ဦးတင်မြ၏ဇနီး၊ ဦးမောင်မောင်အောင် (U Hla Tun & Associates Limited) ဒေါ်အေးအေးခင်တို့၏မိခင် ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း အသက်(၆၈)နှစ်သည် ၄-၂-၂၀၁၄ ရက် ည ၇း၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဆရာဦးထွန်းအေးနှင့် ရုံးသူရုံးသားများ
ဦးလှထွန်းနှင့်အဖွဲ့လီမိတက်

---

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မကုဋ္ဌေထက်စံ

အသက်(၂၅)နှစ်

B.Sc (Pharmacology) University College London (UCL),UK

MBA, University of Westminster, London, UK

တို့တစ်တွေ သိပ်ချစ်ရတဲ့ကုဋ္ဌေရေ…

မမျှော်လင့်ဘဲ မိသားစုနဲ့ခွဲခွာသွားတာ ၅-၂-၂၀၁၄ ရက်မှာ (၂)နှစ်တိတိပြည့်ခဲ့ပါပြီ၊ အမြဲတမ်းလွမ်းဆွတ်သတိရတမ်းတဆဲပါ။ ကုဋ္ဌေကိုရည်စူးပြီး ကုသိုလ်ကောင်းမှုတွေလည်း ပြုလုပ်ပေးလျက်ပါ။ ရောက်ရာဘုံဘဝ ဘုံဌာနမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု
"Myauk Kyun Thu Ma Ma"
Group of Companies
Family

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊ မြေကွက်အမှတ်၇၉၊ မြေကွက်တည်နေရာအမှတ်၇၉၊ (၃)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်သန်းကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းကြည်(မိခင်)နှင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်စန်း ၁၂/သလန(ပြု)၀၀၃၈၉၀က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဂ)၊မြေကွက်အမှတ်၂၆၊မြေကွက်တည်နေရာအမှတ်၂၆၊ဥက္ကာ၂လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးချစ်လွင် စီအီး-၀၀၀၈၁၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးချစ်လွင်၊ မိခင်ဒေါ်နွဲ့နွဲ့ ကွယ်လွန်သဖြင့် ဦးကျော်သူရ၁၂/ဥကမ (နိုင်) ၀၂၃၈၉၈က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁ချေ၁၊ မြေကွက်အမှတ် ၉၇ -A၊ မြေကွက်တည်နေရာအမှတ် ၂၅၊ ရေကျော်လမ်း၊ ၉ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးရေချမ်းအမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဦးရေချမ်း ကွယ်လွန်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၈၆/၁၉၈၉တွင် ၂၃-၁၁-၁၉၈၉ရက်စွဲပါ အမိန့်နှင့်ဒီကရီအရ ပိုင်ဆိုင်သူ ဦးရဲအောင် ၁၂/ပဇတ(နိုင်) ၀၁၀၃၀၅က တရားရုံးအမိန့်ဒီကရီများအရ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ ဂရန်မူရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်သကမ-၁၆၊မြေကွက်အမှတ် ၇၅၂/ခ၊ မြေကွက်တည်နေရာ အမှတ်၇၅၂/ခ၊ ဗညားဒလလမ်း၊ (၁၈)ရပ်ကွက်၊ ဦးသိန်းရွှေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းရွှေထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းနိုင် ၁၂/လမန(နိုင်)၀၈၄၉၄၂က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးမှထောက်ခံချက်တို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာ

လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဦးမိုးဇော်မြင့်

(၉-၂-၂၀၁၃-၉-၂-၂၀၁၄)

စိတ်ကောင်း စေတနာကောင်းရှိသော၊ အလှူဒါန ရက်ရောသော၊ မိသားစုအပေါ်တာဝန်ကျေသော သားကြီး···· မိသားစုနဲ့ ခွဲခွာသွားသည်မှာ တစ်နှစ်ပြည့်ခဲ့သော်လည်း နေ့စဉ်သတိတရရှိနေကြဆဲပါ။ သားကြီးအတွက် ရည်စူးပြီး လစဉ်အလှူဒါန ပြုလုပ်ပေးနေတဲ့အပြင် တစ်နှစ်ပြည့်အထိမ်း အမှတ်အဖြစ် မိသားစု ပြုပြင်လှူဒါန်းခဲ့တဲ့ ပုဂံဘုရားမှာ အလှူဒါနပြုလုပ်ခြင်း၊ သံဃာတော် ၅၅ပါးကို ဆွမ်း၊ ဝတ္ထု လှူဒါန်းခြင်းတို့ကို မိသားစုစုံစုံညီညီနဲ့ ပြုလုပ်ခဲ့တဲ့ အလှူ ဒါနအစုစုတို့ကို ရောက်ရာအရပ်မှ သာခုခေါ်နိုင်ပါစေ····

ဖေဖေ ဦးတင်မြင့်-မေမေ ဒေါ်ညွန့်ရင်

ဇောတိကဆီစက်၊ ဆန်စက်မိသားစု (ပဲနွယ်ကုန်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးသန်းစိုး အသက်(၅၈)နှစ်

(ဒုလက်ထောက်အကောက်ခွန်မှူး၊အကောက်ခွန်ဦးစီးဌာန၊လားရှိုးမြို့)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၂၁လမ်း၊ အမှတ် ၁၇နေ (ဦးစိုးမြင့်-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးအောင်မြင့်)-ဒေါ်တင်မြင့်တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းမော်(ခ)ဒေါ်မိုးမိုး၏ခင်ပွန်း၊ ဦးသိန်းလွင်-ဒေါ်ငွေငွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးနေလင်း-ဒေါ်မော်မော်မြင့်တို့၏အစ်ကို၊ ဦးခင်ဝင်း-ဒေါ်ပြုံးချိုတို့၏ညီ/မောင်၊ မသွယ်သွယ်ဝင်း (အကောက်ခွန်ဦးစီးဌာန)၊ မောင်နိုင်လင်းကျော်(JSM Shipping Co,)-မကြည်ပြာစိုးမော်(စစ်မှန်အောင်မိတ္တူဆိုင်)၊ မောင်အောင်အောင်(Raffle Shipping Co,)-မဒေဝ်စိုးမော်တို့၏ဖခင်၊ မောင်စလျှန်ဝေနိုင်၊ မခင်ချမ်းစုသာတို့၏အဘိုးသည် ၇-၂-၂၀၁၄ရက် (သောကြာနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးကျော်ဆန်းထွေး(ခ)ကိုထွေး (ကျောက်ဖြူ)

B.A, Eng (1993-96)

Pennant Media & Advertising

အသက်(၄၂)နှစ်

ကျောက်ဖြူမြို့၊အစိုးရရပ်ကွက်၊ ရုံးတက်လမ်းနေ(ဦးကျော်မြင့်)-ဒေါ်သန်းနုတို့၏သားထွေး၊ ဒေါ်သန်းသန်းမြင့် (ဦး/ရှိ၊ မရမ်းကုန်းမြို့နယ်၊ အခွန်ဦးစီးဌာနမှူးရုံး)၏မောင်၊ ဦးကျော်ဝင်း(လဝက၊ ငြိမ်း)၏ညီ၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၈၊ အခန်း ၂၈နေ(ဦးရွှေတိုး-ဒေါ်ဝင်းကြည်)တို့၏သမက်၊ ဒေါ်ချို ချိုဝင်း၏ခင်ပွန်း၊ မသီရိရွှေစင်(Grade-9, D၊ အထက-၂၊ စမ်းချောင်း)၊ မထက်ဥမ္မာလွင်(Grade-6, D၊ အထက-၂၊ စမ်းချောင်း)တို့၏ဖခင်သည် ၇-၂-၂၀၁၄ရက် နံနက် ၂နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ်၊ ခြောက်မိုင်ခွဲ၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၉၄၊ Pennant Media & Advertising ရုံးသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းထွန်းဝင်း (နည်းပြ)

အင်္ဂလိပ်စာဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကလေး)

အသက်(၃၆)နှစ်

ကွန်ပျူတာတက္ကသိုလ်(ကလေး) အင်္ဂလိပ်စာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဦးထွန်းထွန်းဝင်း(နည်းပြ)သည် ၆-၂-၂၀၁၄ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခေတ္တ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ၊

ဝန်ထမ်းများမိသားစု

ကွန်ပျူတာတက္ကသိုလ်(ကလေး)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နန်းစံတစ် (ကျိုင်းတုံအသင်း)

အသက်(၉၄)နှစ်

စမ်းချောင်းမြို့နယ်၊ အမှတ် ၅၃၊ ပုသိမ်လမ်းနေ (ဦးစိုင်းရီတစ်-ဒေါ်နန်းအွမ်း)တို့၏သမီးကြီး၊ (ဦးမြင့်အောင်-ဒေါ်နန်းနွန်)၊ ဦးစိုင်းအောင်ဝင်း-ဒေါ်ခင်ချိုချိုခိုင်၊ ဦးစိုင်းရီတစ်-ဒေါ်နန်းအေးအေးထွေးတို့၏မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၈-၂-၂၀၁၄ရက်(စနေနေ့)နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။ ကျိုင်းတုံအသင်းသားများ အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။)

ကျန်ရစ်သူမိသားစု

ဒေါ်သောင်းစိန် (ကြံခင်း)

အသက်(၉၁)နှစ်

ကြံခင်းမြို့၊ သိပ္ပံလမ်းနေ (ဦးထန်ကက်)၏ဇနီး၊ (ဒေါ်ရှုကင်)၊ ဒေါ်ရှုကင်း၊ ဦးငွေမင်း-ဒေါ်ရှုကျင်၊ (ဦးရှုစိန်)-ဒေါ်ခင်ဆွေဦး၊ ဦးငွေငွေဝင်း၊ ဦးသန်းအေး-ဒေါ်ခင်မြတ်မော်၊ ဦးတင်ဝင်း-ဒေါ်ခင်မြတ်မာလာတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၇-၂-၂၀၁၄ရက် (သောကြာနေ့) ည ၁၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကြံခင်းမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်မှူးကြီးဖြိုးကိုလင်း

အသက်(၄၁)နှစ်

၁-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီးဖြိုးကိုလင်း နာမကျန်းဖြစ်ချိန်တွင် အကြိမ်ကြိမ်အခါခါ ခွဲစိတ်ကုသပေးခဲ့ပါသော အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံမှ တပ်မှူးကြီး၊ ပါရဂူများ၊ သူနာပြုများ၊ စစ်သည်များ၊ လူနာစောင့်စစ်သည်များ၊ နာမကျန်းဖြစ်စဉ်နှင့် ကွယ်လွန်ချိန်တွင် ကူညီအားပေးပြီး အစစအရာရာ ဝိုင်းဝန်းဆောင်ရွက်ပေးပါသော တပ်မတော်(ရေ)မှ အကြီးအကဲများ၊ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မင်္ဂလာဒုံမှ အကြီးအကဲများနှင့် ကူညီကြသူများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၃၇)နှင့် စစ်သူနာပြုအပတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့် အစစအရာရာ ကူညီဆောင်ရွက်ပေးသူအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသူဟောင်း မကလျာအောင်(ကေသီ)(၁၉၉၂)၏ခင်ပွန်း ကိုစိုးဝင်းသော် အသက်(၄၈)နှစ်သည် ၇-၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၁-၁၉၉၂-၁၉၉၃

စီးပွားရေးတက္ကသိုလ်

ကျောင်းသားဟောင်းများအဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်စိန်

တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ပထဝီဝင်ဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ပါရမီလမ်း၊ တိုက် ၃(နှစ်လွှာ)၊ အခန်း ၅၊ လေးထပ်တိုက်၊ ပညာရေးအိမ်ရာနေ (ဦးသန်းမောင်-ဒေါ်တင်ရီ) တို့၏သမီးကြီး၊ ဦးမျိုးဟန်-ဒေါ်စန်းရီ တို့၏အစ်မကြီး၊ ဦးစိုင်းခမ်းနွံ၏ဇနီး၊ ဦးစိုင်းသူရ၊ ကိုစိုင်းသီဟန်တို့၏မိခင်သည် ၇-၂-၂၀၁၄ရက် ည ၁၁း၀၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှအောင် (CCK)

CDC (11614)

SAMHO SHIPPING

(စိန်မိုက်ကယ်ကျောင်းသားဟောင်း)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မအူကုန်း ရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၂၅နေ (ဦးဘသာ - ဒေါ်စောလှ)တို့၏ သား၊ ဦးသိန်းဝင်း - ဒေါ်သောင်းညွန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်၂၅နေ ဒေါ်စန်းစန်းငွေ၏ခင်ပွန်း၊ ကိုထိုက်သူရစ်(Contect Center Team Leader) [Ooredoo Co.Ltd.]၏ဖခင်သည် ၈-၂-၂၀၁၄ရက်(စနေနေ့) နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၄ရက် နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မဂ္ဂင်လမ်း နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အင်းမအသင်း(ရန်ကုန်)

ဒေါ်အေးအေးငွေ

(သူနာပြု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

အသက်(၄၀)

မင်္ဂလာဒုံမြို့နယ်နေ ဦးအောင်မိုး၏ ဇနီး၊ ရာသက်ပန်အသင်းဝင်အမှတ်(ရာ-၂၁၅)သည် ၈-၂-၂၀၁၄ရက်(စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ရဟန်းဒါယကာကြီး

ဦးအုန်းဝင်း (ဓနုဖြူ)

(မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ လက်ပံတန်းမြို့)

အသက်(၅၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ အမှတ် ၁၇၊ မဟာဇေတလမ်းနေ (ဦးထွန်းလွင်-ဒေါ်သန်းတင်)တို့၏သား၊ ဒေါ်လှလှလွင်၏ခင်ပွန်း၊ မစုနှင်းထက်၊ မရည်မွန်အောင်တို့၏ဖခင်သည် ၈-၂-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ဓနုဖြူမြို့ ဖိုးမြဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

